# မန္တလေး နေ့စဉ်

*The Mandalay Daily*

၁၉၉၇ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၅၇)၊ ၁၃၈၇ ခုနှစ် ၊ ကဆုန်လပြည့်ကျော် ၂ ရက် ၊ ၁၃-၅-၂၀၂၅၊ အင်္ဂါနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှု လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ငလျင်ဘေးသင့်ပြည်သူများအတွက် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ရောင်းချပေးခြင်းအစီအစဉ် ဖွင့်ပွဲအခမ်းအနား ကျင်းပ

## ကုမ္ပဏီ ၆၁ ခုမှ ပြခန်းပေါင်း ၇၄ ခုဖြင့် ပြသရောင်းချပေးသွားမည်




နေပြည်တော် မေ ၁၂

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်း စဉ်များဆောင်ရွက်ရာတွင် လိုအပ်သည့် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း များကို အများပြည်သူများ ဈေးနှုန်းမှန်ကန်စွာဖြင့် အရည်အသွေးပြည့်မီစွာ ဝယ်ယူနိုင်ရန်ရည်ရွယ်၍ ငလျင်ဘေးသင့်ပြည်သူများအတွက် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း များ ရောင်းချပေးခြင်း အစီအစဉ်ကို မေ ၁၂ ရက်မှ ၁၈ ရက်အထိ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် တပေါင်းကွင်း၌ ကျင်းပလျက်ရှိသည်။

စာမျက်နှာ ၃ သို့ ○

ငလျင်ဘေးသင့် ပြည်သူများအတွက် သံ၊ သံမဏိ၊ဘိလပ်မြေနှင့်ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ ရောင်းချပေးခြင်းအစီအစဉ်သို့ လာရောက်ကြည့်ရှုလေ့လာ ဝယ်ယူကြသူများကို တွေ့ရစဉ်။

## ယနေ့ ဖတ်စရာ အညွှန်း


**ပထမအကြိမ်ထိုးခဲ့သည့်လက်မောင်းတွင် ထပ်မံထိုးနှံပါက ကိုဗစ်-၁၉ ကာကွယ်ဆေး ပိုမိုအစွမ်းထက်စေမည်ဟု ဆို**

စာမျက်နှာ ၇

**ဆာနေး ဘိုင်ယန်မြူးနစ်အသင်းမှ ထွက်ခွာမည်**

စာမျက်နှာ ၁၁

မဟာဗောဓိ မြတ်သည့်ပရမေ သွန်းညောင်ရေ(ဆောင်းပါး)

စာမျက်နှာ ၁၇


## နမ့်ပွန်းကြီးပြင်ကာကွယ်တော သတ်မှတ်

ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် တွင် ပြဋ္ဌာန်းထားသည့် သစ်တော ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များ ကို ကျင့်သုံးလျက် ရှမ်းပြည်နယ် တန့်ယန်းခရိုင် တန့်ယန်းမြို့နယ် အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၃၂၅ ဧက ရှိသောနယ်မြေကို "နမ့်ပွန်း ကြီးပြင်ကာကွယ်တော" အဖြစ်

စာမျက်နှာ ၃ သို့ ✻



နမ့်ပွန်းကြီးပြင်ကာကွယ်တော သဘာဝရှုခင်းကို တွေ့ရစဉ်။

၂၀၂၅ ခုနှစ်၊ မေ ၁၃ ရက်၊ အင်္ဂါနေ့။

မန္တလေး

## စိုက်ပျိုးမွေးမြူရေးကို အောင်မြင်တိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် တောင်သူနည်းပညာဆွေးနွေးပွဲကို စဉ်ဆက်မပြတ် ကျင်းပပေးလျက်ရှိသည်။

ကျေးရွာတိုင်းတွင် စိုက်ပျိုးရေးပညာပေး ဝန်ထမ်းများ၊ လူငယ်များ၊ ရပ်မိရပ်ဖများ၊ စိုက်ပျိုးရေးလုပ်ငန်းတွင် လုပ်ဆောင်နေသူအားလုံးပါဝင်သော စိုက်ပျိုးရေးပရဟိတအဖွဲ့များ ဖွဲ့စည်း၍ စိုက်ပျိုးရေးဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းခြင်း၊ ဖြန့်ဝေပေးခြင်း၊ လိုအပ်သည်များကို အချင်းချင်းကူညီချိတ်ဆက်ဆောင်ရွက်ခြင်းများ ဆောင်ရွက်စေလိုကြောင်း။ ယနေ့ခေတ်တွင် မိမိတို့ဘာသာစကားဖြင့် လွယ်ကူစွာမေးမြန်းတိုင်ပင်နိုင်သည့် AI အမျိုးမျိုးရှိရာ စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ပညာပေးဝန်ထမ်းများ၊ တောင်သူများက အကျိုးရှိစွာ သုံးစွဲကြရန်လိုအပ်ကြောင်း။ ဌာနဆိုင်ရာများအနေဖြင့် ရာသီဥတုဒဏ်ကို ကြံ့ကြံ့ခံနိုင်စေရန် ရေကိုအကျိုးရှိစွာအသုံးချနိုင်ရေး၊ စိုက်ပျိုးရေပေးဝေရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့် ကြိုတင်သတိပေးနိုးဆော်ချက်များကို သက်ဆိုင်ရာဌာနများအကြား အမြန်အလုန်ချိတ်ဆက်ဆောင်ရွက်ရန်နှင့် ဒေသအလိုက် ဒေသန္တရသီးနှံပုံစံများ သီးသန့်ရှိနေစေရေး ဆောင်ရွက်ပေးကြစေလိုကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က မေ ၁၀ရက် နံနက်ပိုင်းတွင် ရေဆင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာနတွင် အပတ်စဉ်စနေနေ့တိုင်း ကျင်းပသည့် တောင်သူနည်းပညာဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသည် (၆၇) ကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး သုတေသီပညာရှင်များ၊ စိုက်ပျိုးရေးပညာရှင်များ၊ နေပြည်တော်ကောင်စီနယ်မြေမှ တောင်သူ ၂၅ ဦး၊ Zoon Point ၁၀၀ မှ ပညာရှင်နှင့် တောင်သူ ၄၀၀ တို့က စိုက်ပျိုးရေးသုတေသနနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းစဉ်များတွင် AI နည်းပညာအား အသုံးချခြင်းခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ကျော်စွာဝင်းက စိုက်ပျိုးရေးသုတေသနနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းစဉ်များတွင် Deep Seek အပါအဝင် AI နည်းပညာအား အသုံးချခြင်းခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ပြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းခြင်း၊ သုံးသပ်ဆွေးနွေးခြင်း၊ အကြံပြုတင်ပြခြင်းဖြင့် ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

ယနေ့ဆွေးနွေးပွဲတွင် တက်ရောက်လာကြသည့် တောင်သူများ၏ မိုဘိုင်းဖုန်းများတွင် ကျွမ်းကျင်သူ ပညာရှင်ဝန်ထမ်းများက လွယ်ကူသည့် AI များတပ်ဆင်ပေးခြင်း၊ လက်တွေ့သုံးစွဲကြည့်စေခြင်းတို့ကို ဆောင်ရွက်ပေးပြီး AI အမျိုးမျိုး၏ အသုံးချနိုင်မှုကို စမ်းသပ်သရုပ်ပြခဲ့ကြသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပြည့်စုံရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုကဲ့သို့ တောင်သူများနှင့် တွေ့ဆုံစဉ် တောင်သူများ၏ အခက်အခဲများနှင့် ဆောင်ရွက်နေမှုအခြေအနေများကိုသိရှိနိုင်မည်ဖြစ်သည်။ တောင်သူများ၏ လက်တွေ့ဘဝများထံမှ စိုက်ပျိုးရေးဆိုင်ရာပညာရပ်များ အသုံးချမှု၊ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံများကို တိုက်ရိုက်တွေ့ဆုံကာ ဆွေးနွေးအဖြေရှာခြင်းသည် အခြေခံအကျဆုံးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အောင်မြင်တိုးတက်အောင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ




**မန္တလေး မေ ၁၂**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ၂၇ လမ်းနှင့် ၂၈လမ်းကြား၊ လမ်း၆၀၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ ၇၂လမ်း၊ မင်္ဂလာပန်းခြံလမ်းထောင့်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို မေ ၁၃ ရက်တွင် မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ ရေနီမြောင်းလမ်း၊ ၃၈လမ်းနှင့် ၃၉ လမ်းကြား၊ အမရပူရမြို့နယ်၊ ကြံတန်းရပ်ကွက်၊ ပွဲတော်ရပ်၊ ရွာလယ်စုံဘုန်းကြီးကျောင်းအနီးတွင်လည်းကောင်း၊ မေ ၁၄ ရက်တွင် အောင်မြေသာစံမြို့နယ်၊ အကွက် (၁၂)၊ အနိုပ်တော်ရပ်ကွက်၊ လမ်း ၆၀နှင့် ၁၉လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(ဈ-၁ နှင့် ၂) ကြား၊ မြို့ကွက် (၃)ရပ်ကွက်၊ ၆၁လမ်းနှင့် ၁၀၇လမ်းထောင့်၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာန တောင်ဘက်တွင်လည်းကောင်း၊ မေ ၁၅ ရက် တွင် မဟာအောင်မြေမြို့နယ်၊ ဟေမမာလာတောင်ရပ်ကွက်၊ လမ်း ၈၀၊ ၃၉လမ်းနှင့် လမ်း ၄၀ ကြားတွင်လည်းကောင်း၊ မေ ၁၆ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ အမရပူရမြို့နယ်၊ လေးစုရပ်ကွက်၊ လေးစုဓမ္မာရုံ၊ အ·ထ·က(၁) အနောက်ဘက်တွင်လည်းကောင်း၊ မေ ၁၇ ရက်တွင် အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ ၈၆လမ်း၊ ၁၅လမ်းနှင့် ၁၆လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ သံလျက်မော်တောင်ရပ်ကွက်၊ အကွက်(၄၄၈)၊ ဒေါနခြံ၊ ဒေါနသုခလူမှုကူညီရေးရုံးအနီး၊ ကန်တော်ကြီးအရှေ့ပတ်လမ်းတို့တွင် လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှု အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး ပြည်သူများ အဆင်ပြေစွာဝယ်ယူ ရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

## လျှော်ဒဏ်ကြောင့် ပျောက်ဆုံး၊ ပျက်စီးခဲ့သော အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**မန္တလေး မေ ၁၂**

မန္တလေးငလျင်ကြီးကြောင့် ပျောက်ဆုံး၊ ပျက်စီးခဲ့သော ငလျင်ဒဏ်သင့် ပြည်သူများ၏ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူများ၊ နိုင်/ဧည့်/ပြု စိစစ်ရေးကတ်မိတ္တူ ဆောင်ရွက်ပေးခြင်းများ၊ Biometric ကိုယ်ရေးအချက်အလက်များ၊ UID ကောက်ယူဆောင်ရွက်ခြင်းတို့ကို ချမ်းအေးသာစံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက ယနေ့ နံနက် ၁၀ နာရီက ဒေးဝန်းအနောက်ရပ်ကွက် နဒီဝင်းဓမ္မာရုံအတွင်း၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ပျောက်ဆုံး၊ ပျက်စီးခဲ့ရသော ငလျင်ဒဏ်သင့်ပြည်သူများ၏ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ၊ နိုင်/ဧည့်/ပြု စိစစ်ရေးကတ် မိတ္တူများကို One Stop Service ဖြင့် ဆောင်ရွက်ပေးကာ လက်ဝယ်အရောက်ပေးအပ်ခြင်း၊ Biometric ကိုယ်ရေးအချက်အလက်များ UID ကောက်ယူဆောင်ရွက်ပေးခြင်းတို့ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ချမ်းအေးသာစံမြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးမင်းဦးနှင့် ဝန်ထမ်းများက ဆောင်ရွက်ပေးကြသည်။



ထိုသို့ ပြည်သူများ၏ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူများ၊ နိုင်/ဧည့်/ပြု စိစစ်ရေးကတ်မိတ္တူများနှင့် Biometric ကိုယ်ရေးအချက်အလက်များ UID ကောက်ယူဆောင်ရွက်ပေးနေမှုများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူး ဦးစိုးလွင်၊ မဟာအောင်မြေခရိုင် ခရိုင်ဦးစီးမှူး ဦးဟိန်းကျော်အောင်နှင့် ချမ်းအေးသာစံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းတို့က အားပေးကြည့်ရှုပြီး အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူများ၊ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူများနှင့် Biometric ကိုယ်ရေးအချက်အလက် UID များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(ချမ်းမြေ့မောင်)

ဝ-ဝ-ဝ-ဝ-ဝ

## ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါကာကွယ်ဆေးတိုက်ကျွေး

**မန္တလေး မေ ၁၂**

တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနက သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)၊ ဆရာဝန်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဝန်ထမ်းများနှင့်မိသားစုဝင်များအား ဝမ်းပျက်၊ ဝမ်းလျှောရောဂါကာကွယ်ဆေး(OraVacs) ပထမအကြိမ်တိုက်ကျွေးခြင်းကို ယနေ့ နံနက်ပိုင်းက မန္တလေး၊ ချမ်းမြသာစည်မြို့နယ်ရှိ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး)တွင် ဆောင်ရွက်ကြသည်။

အဆိုပါကာကွယ်ဆေးတိုက်ကျွေးရာတွင် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါက်တာ ဝင်းနိုင်၊ ခရိုင်ပြည်သူ့ကျန်းမာရေးမှူး ဒေါက်တာ ဇေရာထက်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဦးဆောင်သော ဆရာဝန်များ၊ သူနာပြုများက သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး)မှ ဆရာဝန်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဝန်ထမ်းများ ၂၈၇ ဦးနှင့် မိသားစုဝင် ၄၅ ဦး၊ စုစုပေါင်း ၃၃၅ ဦးတို့အား ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါကာကွယ်ဆေး(OraVacs) ပထမအကြိမ်တိုက်ကျွေးခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(ဝဇ၃)

ဝ-ဝ-ဝ-ဝ-ဝ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက် နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန် အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင် စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ် စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန် ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှု ရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာ စကားမှ ကောက်နုတ်ချက် )

○ ရှေ့ဖုံးမှ

ငလျင်ဘေးသင့် ပြည်သူများ အတွက် သံ၊ သံမဏိ၊ ဘိလပ်မြေ နှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ ရောင်းချပေးခြင်း အစီ အစဉ်ကို ယနေ့တွင် စက်မှုဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံနှင့် နေပြည်တော် ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦးတို့ လှည့်လည် ကြည့်ရှုအားပေးသည်။



ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီး ဦးထွန်းအုံ၊ ဒုတိယဝန်ကြီး ဦးမင်းမင်းနှင့် ဦးကျော်ရွှေထွန်းနှင့် တာဝန်ရှိသူများသည် "FROM REPAIR TO PREPARE- ပျက်၍ ပြင်ဆင်ခြင်းမှသည် ကြိုတင် ပြင်ဆင်ခြင်းဆီသို့" ခေါင်းစဉ်ဖြင့် ဆွေးနွေးသည့် ဟောပြောပွဲသို့ တက်ရောက်၍ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံကုန်သည်များ နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အထွေထွေအတွင်းရေး မှူးချုပ် ဒေါ်ခိုင်ခိုင်နွယ်၊ မြန်မာနိုင်ငံ သံနှင့် သံမဏိအသင်း ဥက္ကဋ္ဌ ဒေါက်တာကေသီလွင်၊ Alpha Power Engineering Co., Ltd.၏ Founder and Managing Director ဦးသက်စံ၊ မန္တလေး မြို့တော် စည်ပင်သာယာရေး ကော်မတီဌာနမှူး (ငြိမ်း) ဒေါ်ခင် မေငွေးတို့၏ဆွေးနွေးမှုများအပေါ် လိုအပ်သည်များ ထပ်မံဖြည့်စွက် အကြံပြု ဆွေးနွေးကြသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့်၊ နေပြည်တော် ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်း၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံကုန်သည်များ နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေး ဆိုင်ရာ လုပ်ငန်းရှင်များ အသင်း ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံသံနှင့် သံမဏိ အသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သံ၊ သံမဏိ လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌတို့တက်ရောက်ခဲ့ပြီး အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ (ဓါတ်ပုံ)

ငလျင်ဘေးသင့် ပြည်သူများ အတွက် သံ၊ သံမဏိ၊ ဘိလပ်မြေ နှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ ရောင်းချပေးပွဲတွင် ကုမ္ပဏီ ၆၁ ခုမှ ပြခန်းပေါင်း ၇၄ ခု ဖြင့် ပြသရောင်းချပေးသွားမည် ဖြစ်ရာ သက်သာသောဈေးနှုန်းဖြင့် လွတ်လပ်စွာ ဝယ်ယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်

✲ နမ့်ပွန်းမှ

အမိန့်ကြော်ငြာစာအမှတ်(၄၆/၂၀၂၅)အရ ၁၃၈၇ ခုနှစ် ကဆုန်လဆန်း(၄)ရက် (၂၀၂၅ ခုနှစ် ဧပြီလ ၃၀ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးဝန်ကြီးဌာနသည်တည်ထောင်ထားရှိသည့်စီးပွား ရေး(ထင်းရှူး)စိုက်ခင်းဟောင်းများနှင့် ယင်းစိုက်ခင်း များအနီးတစ်ဆက်တစ်စပ်တည်းရှိသည့် ဧရိယာများ အားထိန်းသိမ်းကာကွယ်ရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရန်၊ ရာသီဥတုမျှတစေရန်နှင့် သစ်တောထွက်ပစ္စည်းများကို စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန် ရည်ရွယ်၍ ကြိုးပြင်ကာကွယ် တောအဖြစ် သတ်မှတ်ခြင်းဖြစ်ပါသည်။

နမ့်ပွန်းကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်း အားဖြင့် အဆိုပါဧရိယာအတွင်း သစ်တောဦးစီးဌာန က စိုက်ပျိုးထားသည့် တားမြစ်သစ်စာရင်းဝင် ထင်းရှူးပင်များအား ထိန်းသိမ်းကာကွယ်နိုင်မည့် အပြင် ယင်းစိုက်ခင်းဧရိယာအတွင်း ကျူးကျော်ဝင် ရောက်ဖျက်ဆီးမှုများအား ထိရောက်စွာတားဆီး ကာကွယ်နိုင်မည်ဖြစ်ခြင်း၊ ဧရိယာအတွင်းနေထိုင် ကျက်စားလျက်ရှိသည့် ရှဉ့်၊ တောကြက်၊ ခါနှင့် ငှက် စသည့် တိရစ္ဆာန်များအတွက် ကျက်စားရာဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်
ထိန်းသိမ်းရေးဝန်ကြီးဌာန

## ငလျင်ဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေပဒေသာကပွဲ နောက်ဆုံးနေ့အဖြစ် သဘင်အစည်းအရုံးမှ ဖျော်ဖြေတင်ဆက်

ရန်ကုန် မေ ၁၂

မန္တလေးငလျင်ကြီးဘေးဒဏ်ကြောင့် ငလျင် ဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေပဒေသာကပွဲ နောက်ဆုံးနေ့ အဖြစ်ရန်ကုန်မြို့ ဒဂုံမြို့နယ်အမျိုးသားကဇာတ်ရုံကြီး တွင် ယနေ့သဘင်အစည်းအရုံးက ဖျော်ဖြေတင်ဆက် ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ ဖိတ်ကြားထား သောဧည့်သည်တော်များနှင့်ပြည်သူများ အားပါးတရ ကြည့်ရှုအားပေးကြသည်။




ငလျင်ဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးရန်ပုံငွေအဖြစ် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကလှူဒါန်းသော အလှူငွေများအား မြန်မာနိုင်ငံသဘင်အစည်းအရုံးဥက္ကဋ္ဌ ဦးဖိုးချစ်က လက်ခံရယူစဉ်။

### ဆုတောင်းမေတ္တာပို့သ

မြန်မာနိုင်ငံသဘင်အစည်းအရုံးမှ ယနေ့ည ဖျော်ဖြေတင်ဆက်မှုတွင် ဦးစွာ ငလျင်လှုပ်ခတ်မှု ဖြစ်စဉ်၊ ကူညီကယ်ဆယ်မှု၊ ကူညီထောက်ပံ့မှုနှင့် ပြန်လည်ထူထောင်ရေး မှတ်တမ်းဗီဒီယိုကိုပြသပြီး ထိုဖြစ်စဉ်တွင် ထိခိုက်သေဆုံးခဲ့သူများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက် ၍ ဆုတောင်းမေတ္တာပို့သကြသည်။

ထို့နောက် ငလျင်ဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးရန်ပုံငွေအဖြစ် ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့နှင့် စေတနာရှင်အလှူရှင်များ ကလှူဒါန်းသော အလှူငွေများအား မြန်မာနိုင်ငံ သဘင်အစည်းအရုံးဥက္ကဋ္ဌ ဦးဖိုးချစ်က လက်ခံရယူ သည်။

ဖျော်ဖြေရေးအစီအစဉ်တွင် သဘင်အစည်းအရုံး ဝိုင်းတော်သားများ ပူးပေါင်းတင်ဆက်မှုနှင့်အတူ ပဏ္ဏာမဧည့်ခံဂီတသံဖြင့်စတင်ပြီး ဘုရားကန်တော့ ခန်း၊ အပျိုတော်ယိမ်း၊ ပဏ္ဏာမတေး၊ တေးသံသာ၊ အာဇာနည်စန်းစန်းဆပ်ကပ်၊ အော်ပရာနှင့် မြို့ရွှေ မန်းသားဖိုးချစ်နှင့် သဘင်အနုပညာရှင်တို့၏ နှစ်ပါး သွားအကတို့ဖြင့် အားပါးတရ ဖျော်ဖြေတင်ဆက်ခဲ့ရာ လာရောက်ကြည့်ရှုကြသည့် ပြည်သူများ အထူး နှစ်ခြိုက်စွာ အားပေးခဲ့ကြသည်။

သတင်းစဉ်

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၁၂

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို တိုင်းစစ်ဌာနချုပ် အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/ အဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများက စစ်ကိုင်းမြို့ စီတီးရပ်ကွက်ရှိ ရာဇာမဏိ စူဠာကောင်းမှုတော်စေတီတို့တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံများကိုတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာရှင်ပြည်သူများနှင့် စေတနာရှင်ကုမ္ပဏီများကပူးပေါင်း၍ စုပေါင်းလုပ်အားပေး ရှင်းလင်းဖယ်ရှားနေမှု အခြေအနေများကို သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက်ရှိ အိမ်တော်ရာကျောက်စေတီ အောင်မြေလောကစေတီတော်တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော သာသနိက အဆောက်အအုံများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာရှင်ပြည်သူများနှင့် စေတနာရှင်ကုမ္ပဏီများက ပူးပေါင်း၍ စုပေါင်းလုပ်အားပေး ရှင်းလင်းဖယ်ရှားနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ရှိ နှစ်(၇၀၀) ပြည့်အားကစားကွင်းတွင် ကျင်းပပြုလုပ်သော ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် အိမ်ဆောက်ပစ္စည်းဈေးရောင်းပွဲတော် အခမ်းအနားကို တက်ရောက်ပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ဆောက်လုပ်ရေးပစ္စည်းများနှင့် အိမ်သုံးဆောင်ပစ္စည်းများကို လိုက်လံကြည့်ရှုအားပေး၍ တန်ဖိုးသင့်နေအိမ်နမူနာပုံစံ ဆောက်လုပ်ထားရှိမှုကို သွားရောက်ကြည့်ရှုသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် ကျောက်ဆည်မြို့ အေးမြကြည်လင်ရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိလူနေအိမ်အဆောင်အအုံအား စက်ယန္တရားဖြင့် ရှင်းလင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် ရွှေမင်းဝံရပ်ကွက်ရှိ စစ်ကိုင်းပညာရေး တက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်း၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းစွာ ပညာသင်ကြားနိုင်ရေး၊ ကျောင်းပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေး၊ စည်းကမ်း စနစ်တကျရှိစေရေး၊ ရေစီးရေလာ ကောင်းမွန်စေရေး၊ ကျောင်းအုတ်တံတိုင်းများ ပြိုကျပျက်စီးမှုအခြေအနေများ၊ ကျောင်းဆောင် ပြိုကျပျက်စီးနေမှုအခြေအနေများနှင့် ယာယီကျောင်းဆောင် ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ကျောင်း အုတ်တံတိုင်းအား တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းလုပ်အားပေး ရှင်းလင်းဖယ်ရှားနေမှု အခြေအနေများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ စစ်ကိုင်းမြို့ နန်းဦးမြို့သစ်ရှိ မဟာယဂ်ဏစေတီ၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများကို စက်ယန္တရားကြီးများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းလုပ်အားပေး ရှင်းလင်းဖယ်ရှားနေမှု အခြေအနေများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် စစ်ကိုင်းမြို့ သောတပန်ရပ်ကွက်၌ ဗုဒ္ဓပြတိုက်နှင့် ယဉ်ကျေးမှုပြတိုက်ရှိ အုတ်တံတားနှင့် အနန္တမေတ္တာချောင် သီလရှင်ကျောင်းတိုက် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေမှုများကို စက်ယန္တရားကြီးများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းလုပ်အားပေး ရှင်းလင်းဖယ်ရှားနေမှုအခြေအနေများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီနှင့် ထုံးဘိုရပ်ကွက်ရှိ ရှင်ပင်နံ့ကိုင်းစေတီတို့တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံများကိုတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ စုပေါင်းလုပ်အားပေး ရှင်းလင်းဖယ်ရှားနေမှုအခြေအနေများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ စစ်ကိုင်းမြို့ ထုံးဘိုရပ်ကွက်ရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် စောင့်ရှောက်ရေးစခန်း၌ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များနှင့် စည်းကမ်းစနစ်တကျရှိစေရေး စခန်းတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် ထုံးဘိုရပ်ကွက်ရှိ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းစွာ ပညာသင်ကြားနိုင်ရေး၊ ကျောင်းပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေးနှင့် စည်းကမ်းစနစ်တကျရှိစေရေးတို့အတွက် ကျောင်းတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် စစ်ကိုင်းမြို့ ရန်နိုင်ရပ်ကွက်ရှိ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ တိုးချဲ့ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုများနှင့် ကျောင်းပရိဝုဏ်အတွင်း သန့်ရှင်းသာယာ လှပရေးတို့ကို ကျောင်း တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ အမရပူရမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်၍ ယာယီကျောင်းဆောင် ဆောက်လုပ်မည့်နေရာတွင် မြေလုပ်ငန်းများ တူးဖော်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများ၊ တပ်မတော်သားများ စုပေါင်း၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော အပျက်အစီးများ ဖယ်ရှားရှင်းလင်းပြီး ပြိုကျပျက်စီးသွားသော အုတ်တံတိုင်းနေရာတွင် သွပ်ပြားများဖြင့် ယာယီခြံစည်းရိုး ဆောက်လုပ်ပေးနေမှု အခြေအနေများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေး၍ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရန်အတွက် စခန်းသွင်း လေ့ကျင့်သင်ကြားနေသည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား တွေ့ဆုံအားပေးစကား ပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် အိုးတော်ရပ်ကွက်ရှိ အခြေခံပညာမူလတန်းလွန်ကျောင်းသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော အပျက်အစီးများအား ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများ၊ တပ်မတော်သားများ စုပေါင်း၍ ဖယ်ရှား ရှင်းလင်းနေမှုများကို လည်းကောင်း၊ စာသင်ဆောင်များတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသူ ကျောင်းသားများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးတို့ အတွက် ပြင်ဆင်ဆောင်ရွက်နေမှုများကို လည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား ကျောင်းအပ်နှံစဉ် ကျောင်းသားကျောင်းသူများအား ပေးအပ်မည့် စာအုပ်၊ စာရေးကိရိယာ၊ ကျောင်းဝတ်စုံ အစရှိသည့်ပစ္စည်းများအား စနစ်တကျထားသို သိမ်းဆည်းရန်နှင့် ကျောင်းတွင်း ယာယီနေထိုင်သည့် ဆရာ ဆရာမများအတွက် ရေ/မီး အခက်အခဲမရှိစေရေး စီစဉ်ဆောင်ရွက်ပေးရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် နဂါးရုံဆုတောင်းပြည့်မြတ်စွာဘုရား၊ မဟာဝိဇယယံသီ ပုထိုးတော်ကြီး မြတ်စွာဘုရားနေရာများသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း အဖွဲ့များ ပူးပေါင်း၍ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်နေသည်များကိုလည်းကောင်း၊ အပျက်အစီးများ ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ ဘုရားစေတီပုထိုးများတွင် ရှေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး ကျောင်းထိုင်ဆရာတော်ကြီးများအား အလှူငွေများ ဆက်ကပ်လှူဒါန်းကာ ဘုရားစေတီပုထိုး အပျက်အစီးများ ဖယ်ရှားရှင်းလင်းစဉ် ရှာဖွေတွေ့ရှိရသော တန်ဖိုးရှိ ရတနာဌာပနာပစ္စည်းများအား ပြန်လည်ပြုပြင်မွမ်းမံ တည်ဆောက်ရေး ဆောင်ရွက်စဉ် ကာလအတွင်း ဘဏ်များတွင် အပ်နှံထားရှိရန်နှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရေးတို့အတွက် တာဝန်ရှိသူများအား မှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်သည် ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့နယ် ရန်အောင်ပြင်ရပ်ကွက်ရှိ ရွှေလှုမင်္ဂလာခန်းမ၌ စဥ့်ကိုင်မြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် လုံးဝပျက်စီးခဲ့သည့် အိမ်ထောင်စုများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်ပြီး ငလျင်ဘေးဒဏ်သင့် ပြည်သူများအား နိုင်ငံတော်မှ အင်တိုက်အားတိုက် လိုအပ်သလို ကူညီစောင့်ရှောက်ပေးနေသည့်အတွက် အားမငယ်ဘဲ ခိုင်မာသော စိတ်ဓာတ်ဖြင့် မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း အားပေးစကားပြောကြားခဲ့ပြီး ငလျင်ဒဏ်သင့် ပြည်သူများအတွက် ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ပစ္စည်း ၁၆ မျိုး ပါဝင်သော ထောက်ပံ့ပစ္စည်းအိတ် များကို ပေးအပ်ခြင်းတို့ ဆောင်ရွက်ခဲ့သည်။ ထို့နောက် ပြည်သူများအား အဆောက်အအုံများ ပြန်လည်တည်ဆောက်ရာတွင် နားလည်တတ်ကျွမ်းသည့် ပညာရှင်များနှင့်တိုင်ပင်၍ ငလျင်ဒဏ်အင်အား ရစ်(ချ်)တာ စကေးအဆင့်(၈)အထိ ခံနိုင်သည့် အဆောက်အအုံများ တည်ဆောက်သွားရန် လိုအပ်ကြောင်း၊ အဆောက်အအုံများ တည်ဆောက်ရာတွင် လိုအပ်သော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စက်ရုံထုတ် အထူးဈေးနှုန်းများဖြင့် ရောင်းချပေးလျက် ရှိကြောင်း၊ သီးခြားလိုအပ်ချက်များ၊ အခက်အခဲများကိုလည်း ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနများသို့ သတင်းပို့ဆောင်ရွက်သွားရန် မှာကြားခဲ့ပြီး မြို့မိမြို့ဖများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့နယ် တောင်ရင်းကျေးရွာအုပ်စုရှိ SANNSHINN & BROTHER Co.,Ltd (TARGET ဖိုက်ဘာဘိလပ်မြေပြား ထုတ်လုပ်ရေးလုပ်ငန်း) စက်ရုံသို့ သွားရောက်ကြည့်ရှုရာ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အခြေအနေများနှင့် စက်ရုံလုပ်ငန်းများ ပြန်လည်လည်ပတ်နေမှု အခြေအနေတို့အား စက်ရုံတာဝန်ရှိသူက ရှင်းလင်းတင်ပြခဲ့ပြီး စက်ရုံအတွင်း TARGET အမှတ်တံဆိပ်ပါ ဖိုက်ဘာ ဘိလပ်မြေပြားများ ထုတ်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ၎င်းဖိုက်ဘာဘိလပ်မြေပြားများသည် နိုင်ငံခြားသွင်းကုန်အစားထိုး ဆောင်ရွက်နိုင်သည့် အရည်အသွေးမီကုန်ပစ္စည်းများ ဖြစ်သဖြင့်

စာမျက်နှာ ၅ သို့ ☆

# ၂၀၂၅ ခုနှစ် ရေကြောင်းလူငယ်အခြေခံသင်တန်းနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား သင်တန်းသူများ စခန်းပေါင်းစုံပြိုင်ပွဲများပြုလုပ်၊ အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)နှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅) သင်တန်းများမှ ထူးချွန်ဆုရသင်တန်းသားများ လေယာဉ်/ရဟတ်ယာဉ်များလိုက်ပါပျံသန်း

နေပြည်တော် မေ ၁၂

တပ်မတော်(ရေ)က ၂၀၂၅ ခုနှစ် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် စခန်းပေါင်းစုံမှ သင်တန်းသား သင်တန်းသူများသည် ရန်ကုန်မြို့ရှိ တပ်မတော်(ရေ) လှေလှော်ရွက်တိုက်အသင်း (အင်းလျားကန်)၌ စခန်းပေါင်းစုံရေတပ်သား အချက်ပြဆက်သွယ်ရေးဆိုင်ရာ ပြိုင်ပွဲများနှင့် လှေလှော်ရွက်တိုက်ပြိုင်ပွဲများကို ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ပြည့်စုံလင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော် (ရေ)မှ အရာရှိကြီးများ၊ သင်တန်းသား သင်တန်းသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းအုပ်ချုပ်သူများက တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် သင်တန်းအလိုက် လက်ရိုက်အလံအချက်ပြပို့/ ဖမ်းခြင်းလက်တွေ့ပြိုင်ပွဲ၊ အပြည်ပြည်ဆိုင်ရာ လေးယောက်လှော်လှေဝမ်းပြား မီတာ(၅၀၀) ပြိုင်ပွဲနှင့် Optimist ရွက်လှေပြိုင်ပွဲတို့ကို နေပြည်တော် စခန်းတန်းခွဲ(၁)၊ နေပြည်တော်စခန်းတန်းခွဲ(၂)၊ အင်းယားစခန်း၊ ကိုကိုးကျွန်းစခန်း၊ ဟိုင်းကြီးကျွန်းစခန်း၊ မော်လမြိုင်စခန်း၊ ဟိန်းဇဲစခန်း၊ မြိတ်စခန်း၊ ကျွန်းစုစခန်း၊ ဘားအံစခန်းနှင့် ကျိုင်းတုံစခန်း စသည့် ရေကြောင်းလူငယ်သင်တန်းစခန်း ၁၁ ခုတို့မှ သင်တန်းသား သင်တန်းသူများက အသင်းလိုက်ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ယင်းနောက် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းတို့မှ သင်တန်းသား သင်တန်းသူများ၏ စခန်းပေါင်းစုံပြိုင်ပွဲများ ယှဉ်ပြိုင်ခဲ့ကြပြီး သင်တန်းသား သင်တန်းသူများအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ပြည့်စုံလင်းနှင့် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။





အဆိုပါ ရေကြောင်းလူငယ်အခြေခံ/တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)ကို သင်တန်းစခန်း ၁၁ ခုတွင် သင်တန်းသား သင်တန်းသူ ၈၀၀ ဖြင့် ဧပြီ ၂၂ ရက်မှစတင်၍ ဖွင့်လှစ် သင်ကြားပေးခဲ့သည်။

အလားတူ အခြေခံလေကြောင်း လူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၅)နှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅) သင်တန်းများမှ သင်တန်းသားများနှင့် နည်းပြအုပ်ချုပ်သူများသည် လေယာဉ်/ရဟတ်ယာဉ်များ လိုက်ပါပျံသန်းရန်၊ ပြိုင်ပွဲများကျင်းပရန်၊ လေ့လာရေးခရီးစဉ်များ ဆောင်ရွက်ရန်၊ စုပေါင်းသင်တန်းဆင်းပွဲ အခမ်းအနား ကျင်းပပြုလုပ်ရန်နှင့် တပ်မတော်အကြီးအကဲ၏ ဩဝါဒခံယူရန်အတွက် မေ ၁၁ ရက်တွင် နေပြည်တော် ကောင်စီနယ်မြေသို့ ရောက်ရှိကြသည်။

အဆိုပါ သင်တန်းသားများအနက် သင်တန်းစခန်းအလိုက်မှ ထူးချွန်ဆုရ သင်တန်းသားများသည် ယနေ့တွင် နေပြည်တော်လေတပ်စခန်း၌ လေယာဉ်/ရဟတ်ယာဉ်များ လိုက်ပါမပျံသန်းမီ အထွေထွေကျန်းမာရေးစစ်ဆေးခြင်းနှင့် ကြိုတင်လေ့ကျင့်သင်ကြားဆွေးနွေးခြင်းများ ဆောင်ရွက်ပြီး လေယာဉ်မောင်းသင်ကျောင်းမှ နည်းပြလေသူရဲများနှင့်အတူ အမောင်းသင်လေယာဉ်/ ရဟတ်ယာဉ်များကို လက်တွေ့လိုက်ပါပျံသန်းခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

---

☆ စာမျက်နှာ ၄ မှ

ငလျင်ဘေးဒဏ်သင့် ဒေသများသို့ စက်ရုံမှထွက်ရှိလာသည့် ဖိုက်ဘာဘီလပ်မြေပြားများအား ဦးစားပေးစနစ်ဖြင့် ရောင်းချပေးနိုင်ရေး၊ ထုတ်လုပ်မှု အရည်အသွေးမကျဆင်းစေရေး၊ ဖိုက်ဘာဘီလပ်မြေပြားများ မူလကထက် ပိုမိုတိုးမြှင့် ထုတ်လုပ်နိုင်ရေးနှင့် စက်ရုံအတွင်း/ပြင် မီးဘေးလုံခြုံမှုစနစ်တကျ ရှိစေရေးတို့ကို မှာကြားခဲ့ကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ကျောက်ဆည်ခရိုင်အတွင်းရှိ ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် ပျက်စီးသွားသောဘုရားစေတီများ၊ သာသနိကအဆောက်အအုံများအား ပြန်လည်ပြုပြင် တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘီလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများကို စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် စေတနာရှင်၊ အလှူရှင်များ၏ လက်ဝယ်သို့ နဝမမြောက်နေ့အဖြစ် ဆက်လက်ရောင်းချပေးနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး သံဃာတော်များ၊ မြို့မိမြို့ဖများကို အဆောက်အအုံများပြန်လည်တည်ဆောက်ရာတွင် နားလည်တတ်ကျွမ်းသူများနှင့် တိုင်ပင်၍ ငလျင်ဒဏ် အင်အား ရစ်(ချ်)တာစကေး အဆင့်(၈)အထိ ခံနိုင်သည့် အဆောက်အအုံများ တည်ဆောက်သွားရန် လိုအပ်ကြောင်း လျှောက်ထားမှာကြားခဲ့ကာ မြို့မိမြို့ဖများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ကျောက်ဆည်မြို့ အေးမြကြည်လင်ရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိ လူနေအိမ်အဆောက်အအုံကို စက်ယန္တရားဖြင့် ရှင်းလင်းဆောင်ရွက်နေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး အဆောက်အအုံများကို ရှင်းလင်းဆောင်ရွက်ရာတွင် ဘေးပတ်ဝန်းကျင်ရှိအဆောက်အအုံများ ထိခိုက်ဆုံးရှုံးမှုမရှိစေဘဲ စနစ်တကျ ရှင်းလင်း ဆောင်ရွက်နိုင်ရေးနှင့် လျှပ်စစ်မီးကြိုးများကို စနစ်တကျ ကြိုတင်ရှင်းလင်းဆောင်ရွက်နိုင်ရေးတို့ကို စစ်ဆေးကြပ်မတ် ဆောင်ရွက်ပေးခဲ့ကာ လုပ်ငန်းခွင်အန္တရာယ် ထိခိုက်မှုမရှိစေရန်နှင့် အပျက်အစီးများကို အမြန်ရှင်းလင်း ဆောင်ရွက်နိုင်ရေး မှာကြားခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ကျောက်ဆည်ခရိုင်အတွင်း ငလျင်ဒဏ်သင့် အဆောက်အအုံများကို SOP စနစ်ဖြင့် ဘုတ်အဖွဲ့များ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ယနေ့အချိန်အထိ အဆောက်အအုံ ၆၉၄၇ လုံးကို စစ်ဆေးခြင်းဆောင်ရွက်ခဲ့ပြီး ပြန်လည်ပြုပြင်နေထိုင်နိုင်မည့် အဆောက်အအုံ ၆၆၁၁ လုံး၊ ဦးစားပေးဖြိုဖျက်ရှင်းလင်းရမည့် အန္တရာယ်ရှိ အဆောက်အအုံ ၃၃၆ လုံးမှ အဆောက်အအုံ ၃၂၁ လုံးကို ရှင်းလင်း ဆောင်ရွက်နိုင်ခဲ့သည်။ ဆောင်ရွက်ရန် အဆောက်အအုံ ၁၅ လုံးကျန်ရှိပြီး ကျန်ရှိနေသည့် အဆောက်အအုံ ၁၅ လုံး အနက် ဘာသာရေးဆိုင်ရာ အဆောက်အအုံသုံးလုံးသည် သက်ဆိုင်ရာအဖွဲ့အစည်းများ အစီအစဉ်ဖြင့် ဖျက်သိမ်းလျက် ရှိကြောင်းနှင့် ဌာနဆိုင်ရာ အဆောက်အအုံ ၁၂ လုံးသည် သက်ဆိုင်ရာဝန်ကြီးဌာန အစီအစဉ်ဖြင့် စစ်ဆေးမှုခံယူနိုင်ရေး တင်ပြထားကြောင်း သိရသည်။

ယင်းနောက် ကျောက်ဆည်မြို့ ဆူးကုန်းရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့်ပျက်စီးသွားသော ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းအိမ်ရာ ဝင်းအတွင်းရှိ ဝန်ထမ်းလိုင်းခန်းများ အခြေအနေနှင့် ဝန်ထမ်းများအတွက် စေတနာရှင်၊ အလှူရှင်များက လှူဒါန်းသော သုံးခန်းတွဲယာယီလိုင်းခန်းများ တည်ဆောက်ပေးမည့်မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး သောက်သုံးရေ၊ ရေ၊ မီး၊ မိလ္လာစနစ်များ စနစ်တကျ ပြုလုပ်ဆောင်ရွက်သွားရန်၊ ဝန်ထမ်းများ လုံခြုံစွာနေထိုင်နိုင်ရေး၊ ဝန်ထမ်းများ စားသောက်မှုအဆင်ပြေစေရေးအတွက် ရေသန့်များ ဆောင်ရွက်ပေးသွားရန်နှင့် သား/ငါး၊ သီးရွက်၊ ဥများ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားရန် မှာကြားခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

နေပြည်တော် မေ ၁၂

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀မှ ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

# ရွှေပါးစပ်များသာ ဖြစ်ကြပါစေ....

စိုးဝင်း (ဆသရ)

မန္တလေးမြို့ စာပေချစ်သူများ၊ စာပေအနုပညာရှင်များ ဆုံစည်းရာ နန်းတော်ရှေ့ စာပေတင်းကုပ်ကို လေးလပိုင်း တစ်လလုံး နေအပူရှိန်မြင့်တက်လာမှုကြောင့် ခေတ္တရပ်နားထားရာမှ မေ ၄ ရက်(တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် ပြန်လည်ဆုံတွေ့ခဲ့ကြပါသည်။

ဆုံတွေ့သည့်အချိန်တွင် စာပေတင်းကုပ်ဝိုင်းတော်သူ၊ ဝိုင်းတော်သားအားလုံး အလွန်အမင်း ဆိုးရွားသော ငလျင်ဘေးမှကင်းလွတ်ကြသည်ကို ကြားသိရသဖြင့် ဝမ်းသာခဲ့ရပါသည်။

အတန်အသင့်မျှ ပြိုပျက်ထိခိုက်မှုများအတွက်ကိုလည်း စာပေတင်းကုပ်သို့ အမြဲတက်ရောက်ပြီး စာ၊ ကဗျာများ၊ သုတ၊ ရသများ ဆွေးနွေးဖလှယ်လေ့ရှိသော စာရေးဆရာ ရဲမြတ်တေဇက တတ်စွမ်းသမျှ ကူပံ့ငွေများကို တစ်ဦးချင်း၏အမည်များကိုမေးပြီး ကုသိုလ်ပြုပေးသည်ကိုလည်း ဝမ်းသာစွာ သာဓုခေါ်မိပါသည်။

ပြန်လည်ဆုံတွေ့ကြစဉ် မိမိတို့ကိုယ်တိုင်အပါအဝင် အများပြည်သူတို့အတွက် မထင်မှတ်ထားသော အင်အားပြင်း (၇ ဒသမ ၇)အဆင့်ရှိ ငလျင်ကြောင့် ဝမ်းနည်းဖွယ်ခံစားမှုများကို စာ၊ ကဗျာများ ရေးဖွဲ့ရန်နှင့် ငလျင်နှင့်ပတ်သက်သော သိမှတ်ဖွယ်ဗဟုသုတများကိုလည်း ရေးသားကြရန်အတွက် တစ်ဦးနှင့်တစ်ဦး တိုက်တွန်းကြသည်ကို မြင်တွေ့ရသည့်အတွက် လေးစား၊ အားတက်ရပါသည်။

အခမ်းအနားတွင် တက်ရောက်လာသူ ဆရာ၊ ဆရာမအားလုံးတို့သည် စာပေတင်းကုပ်မှ ၉၆ ပါးရောဂါဖြင့် ရုတ်တရက် ဘဝတစ်ပါးသို့ ပြောင်းသွားသော စာရေးဆရာ ဇော်မြင့်မိုရ်(မီးရထား) အပါအဝင် မန္တလေးမြို့နှင့် တစ်မြေပြင်လုံးမှာရှိသော ငလျင်ဘေးကြောင့် သေဆုံးပျက်စီးသွားကြသည့် ရဟန်း၊ ရှင်လူအားလုံးအတွက် ဝမ်းနည်းကြေကွဲခြင်း အထိမ်းအမှတ်ဖြင့် စက္ကန့် ၃၀ ကြာ တညီတညွတ်တည်း မတ်တတ်ရပ်အသိအမှတ်ပြုကြရာ လွမ်းတသသနှင့် ဖော်ပြမစွမ်းနိုင်သောခံစားမှုများ ဖြစ်ခဲ့ရပါသည်။

တကယ်တော့ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက် ငလျင်ကြီးလှုပ်ခတ်မှုအရှိန်သည် မြေပြင်လှုပ်ခတ်မှုနှင့်အတူ ထိတ်လန့်စိုးရိမ်ဖွယ် စကားလှုပ်ခတ်မှုတို့ကား ယခုအချိန်တိုင်အောင် လှုပ်ခတ်နေသည်ကား အမှန်ပင်ဖြစ်ပါသည်။

'ညကလေ ဒုန်း ခနဲပဲ လှုပ်သွားတာ…'

'ဟုတ်တယ်လေ ဟိုနေ့ကလည်း လူကိုလန့်ပြီး မူးသွားတာပဲ' စသည့်··စသည့် စကားများမှာ နေရာတိုင်း ပြောနေကြဆဲ၊ ကြားနေရဆဲ။

မတ် ၂၈ ရက် အင်အားပြင်းငလျင်ကြီးလှုပ်ပြီး နေ့စဉ်လိုလို ဆက်တိုက်လှုပ်နေသည့် နောက်ဆက်တွဲငလျင်ငယ်များကြောင့် လူအများ ထိတ်လန့်နေရသည်။

ဒီကြားထဲက ဘယ်နေ့မှာ ပိုမိုပြင်းအားမြင့်တဲ့ ငလျင်ကြီး လှုပ်နိုင်သည်ဟူသော အတည်မပြုနိုင်သည့်စကားများကြောင့် အချို့မှာ ဈေးရောင်း၊ ဈေးဝယ်မသွားရဲကြ၊ အချို့ ပြင်ပအလုပ်ရုံ၊ စက်ရုံတို့ ပိတ်သည်အထိ ဖြစ်ကြရသည်။

ဧပြီ ၂၈ ရက်မှာ အလွန်အင်အားပြင်းထန်သည့် ငလျင်ကြီး လှုပ်မည်။ လှုပ်သည့်အခါ အာရှ (၅)နိုင်ငံသည် ငလျင်ဒဏ်ကို ပြင်းစွာခံရမည်။ အဆောက်အအုံတွေ ပျက်စီးဆုံးရှုံးမှုများမည်။ လူအသေအပျောက်များမည်ဆိုသော ပါးစပ်စကားများအပြင် ဖေ့စ်ဘုတ်လူမှုရေးစာမျက်နှာများမှပါ လူတိုင်းဖတ်ရှုကြားသိခဲ့ကြရသည်။ (အမှန်တကယ်ကား မလှုပ်ခဲ့)

ငလျင်နှင့်ပတ်သက်ပြီး ယနေ့အချိန်အထိ ကမ္ဘာပေါ်မှာ မည်သည့်နိုင်ငံ၊ မည်သည့်ပညာရှင်မှ တိကျစွာ ခန့်မှန်းနိုင်ခြင်း မရှိပါ။ ငလျင်လှုပ်ပြီးသည့်အခါတိုင်း ရက်ပိုင်း၊ လပိုင်းမှ နှစ်ပိုင်းအထိ နောက်ဆက်တွဲငလျင်များ လှုပ်နိုင်ကြောင်း သိရသည်။

မည်သူမျှ ထင်မှတ်မထားသော အင်အားပြင်း (၇ ဒသမ ၇)အဆင့်ရှိ ငလျင်လှုပ်ခတ်မှုကြောင့် နေရာများစွာတွင် ဒေါင်လိုက်တွေရော၊ အလျားလိုက်တွေပါ ပြိုပျက်၊ နစ်မြုပ်သွားတဲ့ ဘုရား၊ စေတီတွေ၊ ဘုန်းတော်ကြီးကျောင်းတွေ၊ လူနေအဆောက်အအုံတွေ၊ အစိုးရရုံးဌာန၊ စာသင်ကျောင်းများစွာ ပျက်စီးခဲ့သလို လူများစွာ အသက်သေဆုံးခဲ့ကြရသည်။

သွေးပျက်ထိတ်လန့်ဖွယ်ရာ အော်ဟစ်သံတွေ၊ သေကျေပျက်စီးမှုတွေကို မျက်မြင်တွေ့သိလိုက်ရသူများရှိသလို တစ်ယောက်စကား တစ်ယောက်နားနှင့် ကြားသိရသူတို့မှာလည်း ကိုယ်တိုင်အမှန် တကယ် မြင်တွေ့ရသလို ကြေကွဲဝမ်းနည်းစွာ ခံစားကြရပါသည်။

ထိုအချိန်မှာ ကံကောင်းထောက်မစွာဖြင့် စက္ကန့်ပိုင်း၊ မိနစ်ပိုင်း အလိုမှာ အကြောင်းအမျိုးမျိုးကြောင့် အသက်ဘေးမှ လွတ်မြောက်ရသူများရှိသလို၊ ဘေးမတွေ့အသက်မသေ ရှင်သန်ကျန်ရစ်သူတို့အတွက် သံဝေဂမျိုးစုံ၊ နောင်တများစွာ ရစေပါသည်။

ထိုအထဲတွင် ကုသိုလ်၊ အကုသိုလ်တို့၏ အကျိုးဆက်ကို မသိသူများ၊ အလိုလောဘကြီးသူတို့မှာ မိမိအကျိုးအမြတ်ရရေးအတွက် မတော်မတရားပြုလုပ်နေသည်ကို မြင်တွေ့ရသည့်အတွက် စိတ်မကောင်းဖြစ်ရပါသည်။ ထိုသူတို့မှာ အပြုမဆောင်၊ အကောင်းမပြောသော ကောလာဟလစကားမျိုးစုံဖြင့် အများထိတ်လန့်အောင် ပြုမည့်သူများသာ ဖြစ်ပေတော့မည်။

ကပ်ဘေး၊ ရန်ဘေးများကြုံနေရသောအချိန်တွင် နေ့စဉ် သတိနှင့် နေထိုင်ရမည့်နေ့ရက်တွေဖြစ်သလို ကုသိုလ်တရားများကိုလည်း ပြုလုပ်သင့်ပါသည်။ ကုသိုလ်နည်းပါးသောကြောင့် ကံနိမ့်၍လည်း မခံရစေသလို၊ ဉာဏ်နိမ့်၍လည်း မပျက်စီးစေလိုပါ။

ငလျင်ရဲ့သဘာဝမှာ လှုပ်ရှားမည့်အချိန်ကာလ ရာသီမရှိပါ။ အချိန်ကာလမရွေး လှုပ်နိုင်သည့်အတွက် လူတိုင်း သတိမပေါ့ဆသင့်ပါ။ ငလျင်လှုပ်ရှားနိုင်သောအရပ်(သို့မဟုတ်)ငလျင်ပြတ်ရွေ့ရှိရာဒေသမှာ နေထိုင်သူတို့အတွက် ငလျင်သတိအမြဲရှိစေရန် ငလျင်ပညာရှင်များ၏ သတိပေးမှုကို အလေးထားဂရုစိုက်သင့်ပါသည်။

ငလျင်ကြောင့် မြန်မာနိုင်ငံမှာ ထိခိုက်ဆုံးရှုံးမှုတွေဖြစ်ခဲ့သလို၊ အိမ်နီးချင်းနိုင်ငံများမှာလည်း ပျက်စီးဆုံးရှုံးမှုတွေဖြစ်ခဲ့သည်ကို အားလုံးသိရှိကြပြီး ဖြစ်ပါသည်။

ယခုလို 'လှေပျက်ရေဝင်နစ်သလို' ဖြစ်နေရသည့်အထဲ လူတို့၏ပါးစပ်များမှ နှုတ်ထွက်စကားများ မှန်ကန်စေရန်လည်း လိုအပ်ပါသည်။ မိမိတို့၏စကားတို့သည် အများအတွက် စိုးရိမ်ထိတ်လန့်ဖွယ်ရာ မဟုတ်မမှန်သော ကောလာဟလသတင်းစကားများ မဖြစ်စေရန်၊ မင်္ဂလာမရှိ၊ ကျက်သရေမရှိ နှုတ်ထွက်စကားများ မဖြစ်စေရန် အထူးဂရုစိုက် ဆင်ခြင်သင့်ပါသည်။

လူတိုင်း၏ ပါးစပ်အတွင်းမှ သုံးလက်မမျှပင် မရှည်သော လျှာဖျားမှ ထွက်လာသောစကားတို့ကြောင့် မြေတစ်ပြင်လုံး၊ ရေတစ်ပြင်လုံးကို မလှုပ်ယမ်း မပျက်စီးစေအောင် စောင့်ထိန်းသင့်ပါသည်။

လူအားလုံး၏ ပါးစပ်များမှ ပြောသောစကားတိုင်းသည် ကုသိုလ်ကိုတိုးစေသော၊ မင်္ဂလာကိုဖြစ်စေသော၊ မှန်ကန်အကျိုးရှိသော ရွှေပါးစပ်များသာ ဖြစ်ကြပါစေ····။

## အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်

**ပျော်ဘွယ် မေ ၁၂**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပျော်ဘွယ်မြို့နယ် ဦးစီးမှူးရုံးမှ မန္တလေးမြေငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၇ ရက် နံနက် ၈ နာရီက ရှမ်းပွဲရပ်ကွက်၌ ပြုလုပ်ခဲ့သည်။

ထိုကဲ့သို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ဦးစီးမှူး ဦးထက်ကိုအောင်နှင့်ဝန်ထမ်းများက ငလျင်ဘေးဒဏ်ခံခဲ့ရသည့် ပြည်သူများကို ဦးစားပေးအဆင့်အနေဖြင့် အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူထုတ်ပေးခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူထုတ်ပေးခြင်းနှင့် လဲလှယ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြသည်။



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပျော်ဘွယ်မြို့နယ် ဦးစီးမှူးရုံးအနေဖြင့် ငလျင်ဘေးအန္တရာယ် ခံစားခဲ့ရသူများအား အိမ်ထောင်စုလူဦးရေစာရင်း မိတ္တူထုတ်ပေးခြင်းအတွက် အိမ်ထောင်စုပေါင်း ၂၄ စု၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၈ ကတ်တို့အား အခမဲ့ နေ့ချင်းပြီး ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ထို့အပြင် ငလျင်ဘေးအန္တရာယ်ခံစားခဲ့ရသည့်ရပ်ကွက်နှင့် ကျေးရွာများသို့လည်း ကွင်းဆင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (ဓာတ်ပုံ)

မင်းမင်းထွေး(ပျော်ဘွယ်)





## ဗုဒ္ဓပူဇနီယပွဲတော်အကြို အထူးဓမ္မသဘင် ကျင်းပ

**မန္တလေး မေ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ညောင်ပင်ကြီးကျေးရွာအုပ်စု၊ထန်းသုံးပင်ကျေးရွာရှိ အရိယဝံသမိုးကုတ်ရိပ်သာအတွင်း၌ တည်ထားသော မဟာသစ္စာဗောဓိစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်အကြို အထူးဓမ္မသဘင် ပထမညကို မေ ၅ ရက် ညနေ ၆ နာရီက အဆိုပါ အထူးဓမ္မသဘင်မဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် တရားနာပရိသတ်တို့က ဓမ္မကထိကဆရာတော် ဘဒ္ဒန္တမာနိတထံမှ တရားနာယူကြည်ညိုကြပြီး ဆရာတော်ထံ အလှူရှင် မန္တလေးမြို့နေ ဒေါ်အမာ(နေ့ဖွန့်ဝမ်းစတားတာယာရောင်းဝယ်ရေး)အား အမှူးထား၍ ဦးမောင်ထွေး+ဒေါ်ခင်သီတာထွေး မိသားစုက နဝကမ္မအလှူငွေကျပ်သုံးသိန်းကို ဆက်ကပ်လှူဒါန်းရာ ဆရာတော်၏ တပည့်သာဝကတစ်ဦးက လက်ခံရယူသည်။

ထို့နောက် ဧည့်ပရိသတ်တို့က ဆရာတော်ထံမှ အနုမောဒနာတရား နာယူကြည်ညိုကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သိရသည်။ **(အပေါ်ပုံ) (PNT)**

တံတားနှင့်လမ်း ၊ ဆေးခန်းနှင့်ကျောင်း၊ ဆည်မြောင်းနှင့်ကန် သစ်ပင်ရုံမှ သဏ္ဍာန်လုပ ပန်ရလိမ့် ။

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Interstellar ရုပ်ရှင်မှာ ရူပဗေဒကို အလှဆုံးပုံဖော်ထား

ဒါရိုက်တာ ခရစ်စတိုဖာနိုလန်၏ Interstellar ရုပ်ရှင်မှာ ရူပဗေဒကို အလှဆုံးပုံဖော်ထားသည့် ဇာတ်ကားဖြစ်ပြီး ကြာမြင့်ချိန် ၁၆၉ မိနစ်ဖြစ်သည်ဟု ဟောလီဝုဒ် ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကားတွင် အနာဂတ်ကမ္ဘာကြီး၌ လူသားများ နေထိုင်မရတော့၍ လယ်သမားတစ်ဦးဖြစ်သည့် နာဆာ လေယာဉ်မှူးဟောင်းတစ်ဦးက ဂြိုဟ်သစ်ကို ရှာဖွေရန် သုတေသီအဖွဲ့နှင့်အတူ အာကာသယာဉ်မောင်းနှင်ရန် ဂြိုဟ်သစ်ကို စူးစမ်းရှာဖွေခဲ့ပုံအကြောင်း ဖြစ်သည်။

ဇာတ်ဝင်တေးမှာ ခမ်းနားခဲ့ပြီး ရိုက်ကွင်းတစ်ခုလုံး ရူပဗေဒပညာရှင်များနှင့် လက်တွေ့ရိုက်ချက်များဖြင့် အားဖြည့်ထားရာ ဇာတ်ကားနောက်ကွယ်တွင် ထူးဆန်းသည့်အကြောင်း များစွာရှိခဲ့သည်။

ခရစ်စတိုဖာနိုလန်၏အမှတ်ရစရာအကောင်းဆုံးရုပ်ရှင်ကားတစ်ခုဖြစ်ခဲ့ကြောင်း သိရသည်။

(SKY)






## ပထမအကြိမ်ထိုးခဲ့သည့်လက်မောင်းတွင် ထပ်မံထိုးနှံပါက ကိုဗစ်-၁၉ ကာကွယ်ဆေး ပိုမိုအစွမ်းထက်စေမည်ဟုဆို

ကိုဗစ်-၁၉ ကာကွယ်ဆေးကို ပထမအကြိမ်ထိုးခဲ့သည့် လက်မောင်းတွင် ထပ်မံထိုးနှံပါက အနီးရှိ ပြန်ရည်ကျိတ်များအတွင်းမှ အဆင်သင့်ဖြစ်နေသော မက်ခရိုဖေ့စ်ဆဲလ်များကြောင့် ကိုယ်ခံအားတုံ့ပြန်မှုကို ပိုမိုမြန်ဆန်စွာနှင့် ထိရောက်စွာ ဖြစ်ပေါ်စေကြောင်း ဩစတြေးလျဆေးသိပ္ပံပညာရှင်များ မကြာသေးမီက တွေ့ရှိခဲ့သည်။ ဆစ်ဒနီမြို့မှ သိပ္ပံပညာရှင်များ ယင်းကာကွယ်ဆေးကို ပထမအကြိမ်ထိုးနှံခဲ့သည့် လက်မောင်းတစ်ခုတည်းတွင်သာ ထပ်မံထိုးနှံပြီး လေ့လာကြည့်ရာမှ ကိုယ်ခံအားတုံ့ပြန်မှုကို ပိုမိုမြန်ဆန်စွာနှင့် ထိရောက်စွာ ဖြစ်ပေါ်စေနိုင်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ခြင်း ဖြစ်သည်။

လေ့လာမှုအရ ကာကွယ်ဆေးထိုးနှံသည့်အခါ မက်ခရိုဖေ့စ်ဆဲလ်များဟုခေါ်သော ကိုယ်ခံအားဆဲလ်များသည် အနီးရှိ ပြန်ရည်ကျိတ်များတွင် အဆင်သင့်ဖြစ်သော အခြေအနေသို့ ရောက်ရှိသွားကြသည်။ ထိုသို့ ကြိုတင်ပြင်ဆင်ထားသော မက်ခရိုဖေ့စ်ဆဲလ်များသည် ကိုယ်ခံအားစနစ်၏ အရေးကြီးသော အစိတ်အပိုင်းဖြစ်သည့် မှတ်ဉာဏ်ဘီဆဲလ်များကို ပိုမိုထိရောက်စွာ တုံ့ပြန်စေခြင်းဖြစ်ကြောင်း သိရသည်။

SCI




## Joaquin Phoenix (Joker) က Golden Globes ရွှေကမ္ဘာလုံးဆုရသူ စာရင်းဝင်ဖြစ်

ကမ္ဘာ့အနုပညာလောကတွင် Golden Globes ရွှေကမ္ဘာလုံးဆုရရှိသည့် ရုပ်ပြအခြေခံထားသည့် Villian သုံးဦးသာရှိပြီး ဂျိုအာကွာဖိနပ်(ဂျိုကာ)လည်း ပါဝင်သည်ဟု ဟောလီဝုဒ် ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ရွှေကမ္ဘာလုံးဆုစာရင်းဝင်သုံးဦးစာရင်းတွင် ဟတ်လီဂါ(ဂျိုကာ)၊ ဂျိုအာကွာဖိုနစ်(ဂျိုကာ)နှင့် ကိုလင်းဖာရယ်(Penguin)တို့ သုံးဦးသာရှိပြီး ထူးခြားပြောင်မြောက်သည့် သရုပ်ဆောင်စွမ်းရည်ကို ပိုင်ဆိုင်ထားကြ၍ ရွှေကမ္ဘာလုံးဆု ဆွတ်ခူးနိုင်ခဲ့သည်။

(SKY)

0-0-0-0-0-0

## SHINEE မှ Minho က အဆင့်မြင့် Luxury Penthouse ဝယ်ယူထား

ကေပေါ့ပ်အဖွဲ့ ရှိုင်းနီးအဖွဲ့ဝင် မင်ဟိုသည် မင်းသား ဟာဂျန်ဝူး ရောင်းလိုက်သည့် အဆင့်မြင့် luxury Penthouse ကို ဝမ်ငါးဘီလီယံနှင့် ဝယ်ယူထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

မင်ဟိုက အဆိုပါအိမ်ပိုင်ဆိုင်ကြောင်း စာချုပ်ကို လွန်ခဲ့သည့်နှစ် ရှစ်လပိုင်းကပင် ငွေသားအားလုံးပေးချေ၍ အပြီးအစီးလုပ်ဆောင်ထားခဲ့သည်။



ယင်းအိမ်ရာမှာ တစ်ထပ်တိုက်အိမ်ပုံစံဖြစ်ပြီး အိမ်ရာ ၁၅ လုံးသာရှိကာ အိမ်တစ်ခုချင်းစီတွင် ကိုယ်ပိုင် layout plan နှင့် အိပ်ခန်း ငါးခန်း၊ ရေချိုးခန်း သုံးခန်းပါဝင်ကာ ပျမ်းမျှဧရိယာ ၂၄၄ ဒသမ ၉၁ စတုရန်းပိုင်ကျယ်ဝန်းကာ ဟန်မြစ်၏အလှကို ဘက်ပေါင်းစုံမှ ရှုစားနိုင်သည့်နေရာဖြစ်သည်။

အဆိုတော်၊ သရုပ်ဆောင် မင်ဟို၏ ချမ်းသာကြွယ်ဝမှုကို ပရိသတ်များ အားကျဂုဏ်ယူမဆုံးဖြစ်နေကြသည်။

(SKY)

0-0-0-0-0-0

## Lee Si Young က ရှစ်နှစ်ကြာ အိမ်ထောင်စုကို အဆုံးသတ်ခဲ့

မင်းသမီးလီဆီယောင်းသည် အိမ်ထောင်သက် ရှစ်နှစ်ကြာ ပေါင်းသင်းခဲ့သည့် ခင်ပွန်းနှင့် ကွာရှင်းရန် စီစဉ်ထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



လီဆီယောင်း၏ အေဂျင်စီ အေစီအီးဖက်ထရီမှ တရားဝင်ထုတ်ဖော်ပြောကြားချက်အရ မတ် ၁၇ ရက်က လီဆီယောင်းမှာ ခင်ပွန်းသည်နှင့် အပြန်အလှန်သဘောတူညီချက်ဖြင့် ကွာရှင်းရန် စီစဉ်ထားကြောင်း မင်းသမီး၏ သီးသန့်ကိုယ်ပိုင်ဘဝဖြစ်၍ အခြားမေးခွန်းများ ဖြေရှင်းရခက်ခဲသဖြင့် နားလည်ပေးရန်ပါ ထုတ်ပြန်ထားသည်။

လီဆီယောင်းသည် ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် သူ့ထက်ကိုးနှစ်ကြီးသည့် စီးပွားရေးလုပ်ငန်းရှင်နှင့် လက်ထပ်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် သားတစ်ဦးမွေးဖွားကာ ၂၀၂၅ ခုနှစ် မတ်တွင် ရှစ်နှစ်ကြာ အိမ်ထောင်ရေးကို အဆုံးသတ်မည်ဖြစ်သည်။

(SKY)

## Emma Watson အပါအဝင် ဟောလီဝုဒ် အနုပညာရှင်များ ဆံပင်အတိုစတိုင်လ်နှင့် လိုက်ဖက်နေကြ


ဟောလီဝုဒ်အနုပညာလောကမှ အနုပညာရှင်အမျိုးသမီးများ၏ဆံပင်အတိုစတိုင်လ်နှင့် လိုက်ဖက်နေမှုရှိသည်ကို ဖော်ပြထားရာ အီမာဝက်ဆန်လည်း ပါဝင်ကြောင်း ဟောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဆံပင်တိုစတိုင်လ်နှင့် လိုက်ဖက်မှုရှိနေကြသော အနုပညာရှင်များစာရင်းတွင် အီမာဝက်ဆန်၊ ကယ်လီဂျီနာ၊ ကီတ်ဘလန်ချက်၊ အန်နီဟတ်ဝေးတို့ ပါဝင်ပြီး ပရိသတ်နှစ်သက်သဘောကျနေကြသည်။

အီမာစတုန်း၊ ခရစ်စတင်းဆက်ဝပ်၊ စတားလက်ဂျိုဟန်ဆန်၊ မာဂေါ့သ်ရိုဘီတို့လည်း ပါဝင်ကာ ချောမောလှပသည့် ဆံပင်စတိုင်လ်သစ်နှင့် တွေ့ရှိကြရသည်။

အမျိုးသမီးထုကြား ခေတ်စားနေသည့် ဆံပင်တိုဖက်ရှင်စတိုင်လ်သစ်မှာ လက်ရှိအမျိုးသမီးတိုင်းအတွက် သဘောကျနှစ်ခြိုက်စရာဖြစ်ခဲ့ရာမှ ဟောလီဝုဒ်အနုပညာရှင်များနည်းတူ လိုက်၍ ပုံဖော်ကြသူများပြားလျက်ရှိသည်။

(SKY)



## G Dragon ၏ Ubermensch(Superman) တွင် Wu-Tang Clan ဖက်ရှင်လွှမ်းမိုးထား

ကေပေါ့ပ်ဘုရင်၊ ဖက်ရှင် ဘုရင်အဖြစ်သာမက ဒစ်စကို ဘုရင်ဟု တင်စားခံခဲ့ရသည်ထိ ဂျီဒရယ်ဂွန်၏ Ubermensch




(ဂျာမန်ဘာသာနှင့် Superman) တွင် အမ်တီဗွီနှစ်ပုဒ်ပါဝင်ပြီး Wu-Tang Clan ဖက်ရှင်များ လွှမ်းမိုးထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

၁၉၉၂ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည့် ဟစ်ဟော့ပ်အဖွဲ့အမည်မှာ Wu-Tang Clan ဖြစ်ပြီး ဂျီဒရယ်ဂွန် အသက် ကိုးနှစ်ကစ၍ နားထောင်ခဲ့ပြီး အယ်လ်ဘမ်သစ်တွင် ချပြထားရာ လိုဂိုပါသည့် ဂျက်ကက်၊ ခါးပတ်ကို ပဝါသုံး၍ ခါးစည်းလည်တွင်ပတ်ကာ အဝါရောင်ဖက်ရှင်ကို Nike Dunt High Wu-Tang Clan ထုတ်လုပ်ထားခြင်း ဖြစ်သည်။

ဂျီဒရယ်ဂွန်၏ R 13 T Shirt ပေါ်တွင် Black Blazer နှင့် Jean Paul Gaultier ၏ စကတ်ဝတ်ထားကာ ဟစ်ဟော့ပ်အနုပညာရှင်များ၏ အသက် Jacob & Co ၏ ရတနာများ ဝတ်ဆင်ထားသည်။ Chanel, Deva States ဆွယ်တာ၊ Ambush ၏ denim များအပြင် အနီရောင်ဖိနပ်၊ အဖြူရောင်ဖိနပ်များ ဖက်ရှင်စတိုင်လ်ကြောင့် Wu-tang Clan ဖက်ရှင်လွှမ်းမိုးနေပြီး ဂျီဒရယ်ဂွန်သည် ဂျီဒရယ်ဂွန်ဖြစ်သည်ဟု သတ်မှတ်ခဲ့ကြသည်။

(SKY)

* * * * *

## ဆွစ်ဇာလန်နိုင်ငံတွင် ကျင်းပခဲ့သော ကုန်သွယ်ရေးဆွေးနွေးပွဲများမှ တရုတ်နှင့် အမေရိကန်နှစ်နိုင်ငံအကြား တိုးတက်သောရလဒ်ပေါ်ထွက်ခဲ့



**ဂျီနီဗာ မေ ၁၂**

တရုတ်နှင့်အမေရိကန်နှစ်နိုင်ငံအကြား ဆွစ်ဇာလန်နိုင်ငံတွင် ကျင်းပခဲ့သော ကုန်သွယ်ရေး ဆွေးနွေးပွဲများမှ တိုးတက်သောရလဒ် ပေါ်ထွက်ခဲ့ကြောင်း စီအင်န်အိုင် သတင်းဌာနက ဖော်ပြသည်။

အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စကော့ဘက်ဆင့်က ထိုဆွေးနွေးပွဲများကို ထိရောက်ပြီး တည်ဆောက်နိုင်စွမ်းရှိသည်ဟု ဖော်ပြခဲ့ပြီး တရုတ်နိုင်ငံ၏ ဒုတိယဝန်ကြီးချုပ် ဟဲလီဖန်းကမူ ဆွေးနွေးပွဲများသည် နက်ရှိုင်းပြီး ပွင့်လင်းမြင်သာသော ဆွေးနွေးပွဲများဖြစ်ခဲ့ကြောင်း သုံးသပ်ပြောကြားသည်။

၎င်းတို့နှစ်ဦးသည် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်က တရုတ်နိုင်ငံအား ဇန်နဝါရီလတွင် မြင့်မားသော အကောက်ခွန်များ စည်းကြပ်ခဲ့ပြီးနောက် ပထမဆုံး အကြိမ်အဖြစ် ပြုလုပ်သော တိုက်ရိုက်ဆွေးနွေးပွဲများတွင် ဦးဆောင်ပါဝင်ခဲ့ကြခြင်းဖြစ်သည်။

နှစ်ဖက်မြင့်မားသော အကောက်ခွန်များသည် ငွေကြေးဈေးကွက်များတွင် ရောထွေးမှုများ ဖြစ်စေခဲ့ပြီး ကမ္ဘာ့စီးပွားပျက်ကပ် ဖြစ်ပေါ်လာမည်ကို စိုးရိမ်မှုများ ဖြစ်ပေါ်စေခဲ့သည်။

တရုတ်မိတ်ဖက်များနှင့် ပြုလုပ်ခဲ့သော သဘောတူညီချက်သည် အမေရိကန်၏ ၁ ဒသမ ၂ ထရီလီယံဒေါ်လာ(ပေါင် ၉၀၁ ဘီလီယံ) ကုန်သွယ်ရေးလိုငွေပြမှုကို လျှော့ချရာတွင် အထောက်အကူဖြစ်စေမည်ဖြစ်သည်ဟု ဂျီနီဗာမြို့တော်တွင် နှစ်ရက်ကြာ ဆွေးနွေးပွဲကျင်းပပြီးနောက် အမေရိကန် ကုန်သွယ်ရေးကိုယ်စားလှယ် သံအမတ်ကြီးဂျေမီဆင်ဂရီယာက ပြောကြားခဲ့ကြောင်း သိရသည်။

**Mon**



## စိန့်ပီတာရင်ပြင် လသာဆောင်ပေါ်မှ ဝတ်ပြုဆုတောင်းပေးစဉ် စစ်ပွဲမပြုလုပ်ကြပါနှင့်ဟု ပုပ်ရဟန်းမင်းကြီး လီယိုတောင်းဆို

**ရောမ မေ ၁၂**

ပုပ်ရဟန်းမင်းကြီးဟောင်း ဖရန်စစ်ကွယ်လွန်ပြီးနောက် ကက်သလစ်သာသနာ၏ ခေါင်းဆောင်သစ်အဖြစ် ရွေးချယ်ခံရသည့် ပုပ်ရဟန်းမင်းကြီး လီယိုသည် မေ ၁၁ ရက်က စိန့်ပီတာရင်ပြင်ရှိ လူပရိသတ်အတွက် လသာဆောင်ပေါ်မှ ဝတ်ပြုဆုတောင်းပေးစဉ် စစ်ပွဲမပြုလုပ်ကြပါနှင့်ဟု ကမ္ဘာ့အာဏာရှိသူများထံ ထပ်လောင်းတောင်းဆိုလိုက်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

၎င်းသည် ရောမမြို့ပြင်ပရှိ ဘုရားကျောင်းတစ်ခုသို့ သွားရောက်ခဲ့ပြီးနောက် ပုပ်ရဟန်းမင်းကြီးဟောင်းဖရန်စစ်၏ သင်္ချိုင်းတွင်လည်း ဆုတောင်းခဲ့သည်။

ပုပ်ရဟန်းမင်းကြီး လီယိုသည် လာမည့်သီတင်းပတ် မေ ၁၈ ရက်တွင် စိန့်ပီတာရင်ပြင်၌ ကျင်းပမည့် ဝတ်ပြုဆုတောင်းပွဲ၌ တရားဝင်သာသနာပြုခန့်အပ်ခံရမည်ဖြစ်ကြောင်း သိရသည်။

**Mon**

## အိုမန်နိုင်ငံ၌ ကျင်းပခဲ့သော နျူကလီးယားဆိုင်ရာ ဆွေးနွေးပွဲများမှ အီရန်နှင့် အမေရိကန်အကြားအပြုသဘောဆောင်သော ရလဒ်ပေါ်ထွက်ခဲ့



**ဒိုဟာ မေ ၁၂**

အီရန်နှင့် အမေရိကန်ပြည်ထောင်စုတို့သည် မေ ၁၁ ရက်တွင် အိုမန်နိုင်ငံ၌ ကျင်းပခဲ့သော နျူကလီးယားဆိုင်ရာဆွေးနွေးပွဲများမှ အပြုသဘောဆောင်သော ရလဒ်ပေါ်ထွက်ခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ထိုဆွေးနွေးပွဲသည် လွန်ခဲ့သော တစ်လခန့်က စတင်ခဲ့သည့် စတုတ္ထအကြိမ်မြောက် ဆွေးနွေးပွဲဖြစ်ပြီး ၂၀၁၈ ခုနှစ်တွင် သမ္မတဒေါ်နယ်လ်ထရမ့်၏ ပထမသက်တမ်းအတွင်း အမေရိကန်က သမိုင်းဝင် နျူကလီးယားသဘောတူညီချက်မှ နုတ်ထွက်ခဲ့သည့်နောက်ပိုင်း ရန်ဘက်နှစ်နိုင်ငံအကြား အမြင့်ဆုံးအဆင့် ဆက်သွယ်ဆွေးနွေးမှုဖြစ်သည်။

ယခင်ဆွေးနွေးပွဲ သုံးကြိမ်တွင် တိုးတက်မှုရှိခဲ့သည်ဟု နှစ်ဘက်စလုံးက အစီရင်ခံခဲ့ပြီးခက်ခဲသော်လည်း အကျိုးရှိသော ဆွေးနွေးပွဲဖြစ်ခဲ့ကြောင်း အီရန်ဘက်က ထုတ်ဖော်ပြောကြားသည်။

"မိမိတို့ဘက်ကလည်း အားတက်သရော ဖြစ်ခဲ့သည်"ဟု အမေရိကန်အရာရှိကြီးတစ်ဦးက ပြောကြားကြောင်း သိရသည်။

**Mon**

0-0-0-0-0



ယမန်နေ့က ဖိလစ်ပိုင်နိုင်ငံ ကွေဇုန်မြို့တွင် ရွေးကောက်ပွဲအတွက် လူထုမဲဆန္ဒပေးရန် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများက မဲပုံးများကိုမဲရုံအသီးသီးသို့ သယ်ဆောင်လာစဉ်။ **Mon**




## ကာတာဘုရင်မိသားစုထံမှ ဂျမ်ဘိုဂျက်လေယာဉ်တစ်စီးကို အမေရိကန်သမ္မတ၏ အထူးလေယာဉ်အဖြစ်လက်ခံရေး ဆွေးနွေး

**ဝါရှင်တန် မေ ၁၂**

အိမ်ဖြူတော်သည် သမ္မတ အထူးလေယာဉ်အဖြစ် အသုံးပြုရန်အတွက် အဆင့်မြင့်ဂျမ်ဘိုဂျက်လေယာဉ်တစ်စီးကို ကာတာနိုင်ငံ၏ ဘုရင်မိသားစုထံမှ လက်ခံရယူနိုင်ရေးဆိုင်ရာ ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

ယင်းလေယာဉ်ကို လက်ဆောင်အဖြစ် ပေးအပ်မည်မဟုတ်ကြောင်း ငြင်းဆိုသော်လည်း နိုင်ငံနှစ်နိုင်ငံအကြား ယာယီအသုံးပြုရန် လေယာဉ်လွှဲပြောင်းမှုကို ဆွေးနွေးနေကြောင်း ကာတာနိုင်ငံ၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။



သမ္မတထရမ့်၏ ဒုတိယသက်တမ်းအတွင်း ပထမဆုံးနိုင်ငံခြားခရီးစဉ်အဖြစ် ယခုအပတ်တွင် ကာတာနိုင်ငံသို့ သွားရောက်မည့်အချိန်တွင် ထိုသတင်းထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ထိုလေယာဉ်နှင့်ပတ်သက်၍ ကာတာအခြေစိုက် အမေရိကန်ပြည်ထောင်စုဆိုင်ရာ ပြန်ကြားရေးအရာရှိဖြစ်သူ အလီအယ်လ်အန်စာရီက ကာတာ၏ ကာကွယ်ရေးဝန်ကြီးဌာနနှင့် အမေရိကန်ကာကွယ်ရေးဌာနတို့အကြား ဆွေးနွေးညှိနှိုင်းမှုများ ဆက်လက်ပြုလုပ်နေသည်ဟု ဆိုသည်။

အဆိုပါလေယာဉ်ကိစ္စနှင့် ပတ်သက်၍ သက်ဆိုင်ရာဥပဒေဌာနများက ဆက်လက်သုံးသပ်ဆဲဖြစ်ပြီး မည်သည့်ဆုံးဖြတ်ချက်မျှ မချမှတ်ရသေးကြောင်း သိရသည်။

**Mon**

STOP AIDS

## အစ္စရေး-အမေရိကန်နိုင်ငံသား အကျဉ်းသား အလက်ဇန်းဒါးကို စစ်ပြေငြိမ်းရေးအတွက် ဟားမတ်စ်အဖွဲ့က လွှတ်ပေးမည်

**ဂျေရုဆလင် မေ ၁၂**

ဟားမတ်စ်အဖွဲ့သည် စစ်ပြေငြိမ်းရေး သဘောတူညီချက်ရရှိရန် ကြိုးပမ်းမှုတစ်ခုအနေဖြင့် အစ္စရေး-အမေရိကန်နိုင်ငံသား အကျဉ်းသား အီဒန်အလက်ဇန်းဒါးကို လွှတ်ပေးရန် ဆုံးဖြတ်လိုက်သည်ဟု ယမန်နေ့က ကြေညာလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အဆိုပါအကျဉ်းသားသည် ဂါဇာပြည်နယ်တွင် အမေရိကန်နိုင်ငံသားအဖြစ် အသက်ရှင်ကျန်ရစ်သူ နောက်ဆုံးလူဖြစ်မည်ဟု ယူဆရပြီး ထိုဆုံးဖြတ်ချက်ကို အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်၏ အရှေ့အလယ်ပိုင်း အလည်အပတ်ခရီးစဉ်မတိုင်မီ ချမှတ်ခဲ့ခြင်းဖြစ်သည်။

လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ ဝင်ရောက်ရန် သဘောတူညီချက်တစ်ခုကို လွယ်ကူစွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ကြောင်း ဟားမတ်စ်အဖွဲ့က အသိပေးခဲ့သည်။

အလက်ဇန်းဒါး၏ လွတ်မြောက်လာမည့်ဖြစ်ရပ်ကို ကြီးကျယ်သောသတင်းနှင့် ယုံကြည်မှု အပြည့်ဖြင့် လုပ်ဆောင်ခဲ့သော ခြေလှမ်းဟု ရည်ညွှန်းကာ သမ္မတထရမ့်က ၎င်း၏ကိုယ်ပိုင် ထရုသ်ဆိုရှယ်လူမှုကွန်ရက်တွင် အတည်ပြုခဲ့သည်။

အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့တွင် မွေးဖွားပြီး အမေရိကန်ပြည်ထောင်စု နယူးဂျာစီပြည်နယ်တွင် ကြီးပြင်းခဲ့သော အသက် ၂၁ နှစ်အရွယ်အလက်ဇန်းဒါး သည် အောက်တိုဘာ ၇ ရက် တိုက်ခိုက်မှုအတွင်း ဟားမတ်စ်လက်နက်ကိုင်များ၏ ဖမ်းဆီးခံခဲ့ရသည်။ ၎င်းသည် ဂါဇာနယ်စပ်တွင် အစ္စရေးတပ်မတော်၏ခြေလျင်တပ်ရင်းတစ်ခုတွင် တာဝန်ထမ်းဆောင်နေသူဖြစ်ကြောင်း သိရသည်။

**Mon**



## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အသိပညာပေး Talk Show ကျင်းပ




**မန္တလေး မေ ၁၂**

မန္တလေး၊ ချမ်းအေးသာစံ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန (Community Centre) အစည်းအဝေး ခန်းမ၌ ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန တို့ ပူးပေါင်းကာ ကမ္ဘာ့ပတ်ဝန်း ကျင် ထိန်းသိမ်းရေးနေ့ အထိမ်း အမှတ် အသိပညာပေး Talk Show ဆွေးနွေးပွဲကို မေ ၇ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပ သည်။

ဇွန် ၅ ရက်တွင် ကျရောက် မည့် (၅၂)နှစ်မြောက် ကမ္ဘာ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "ကမ္ဘာတစ်ဝန်း ပလတ်စတစ် ညစ်ညမ်းမှုအဆုံးသတ်ရေး စု ပေါင်းအားဖြင့် ဆောင်ရွက်ပေး" ခေါင်းစဉ်ဖြင့် ချမ်းအေးသာစံ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်နှင့် အောင်မြေ သာစံခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေ သန္တာလင်းတို့က ဆွေးနွေးခဲ့ကြ သည်။

အဆိုပါ အသိပညာပေး ဆွေးနွေးပွဲတွင် ပလတ်စတစ်များ ၏ သဘောသဘာဝများ၊ ပလတ် စတစ်များ သုံးစွဲခြင်းများကြောင့် ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုး များနှင့် ထိုသို့ဖြစ်ပေါ်လာနိုင် သော ဆိုးကျိုးများကို ဖြေရှင်း နိုင်မည့်နည်းလမ်းများအား အပြန် အလှန် ဆွေးနွေးမေးမြန်းခဲ့ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီး ဌာန ဦးစီးအရာရှိက အသေးစိတ် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**
**ချမ်းမြေ့မောင်**

## ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ် အသိပညာပေး (Talk Show) ကျင်းပ

**ပခုက္ကူ မေ ၁၂**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ လူထုအခြေပြုဗဟို ဌာန (Community Centre) ခန်းမ၌ မေ ၈ ရက် နံနက် ၉ နာရီက ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် အသိပညာပေး (Talk Show) ဆွေးနွေးပွဲ ကျင်းပ သည်။

ဆွေးနွေးပွဲတွင် ပခုက္ကူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ ရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်စန်းယုမော် က အသိပညာပေး ဆွေးနွေးပွဲ များ ကျင်းပရသည့်ရည်ရွယ်ချက် များအကြောင်း ရှင်းလင်းပြော ကြားပြီး ကမ္ဘာ့ကြက်ခြေနီနေ့နှင့် စပ်လျဉ်း၍ မေးခွန်းများ မေးမြန်း ရာ ခရိုင်ကြက်ခြေနီအသင်းရုံး တာဝန်ခံ ဒေါ်ခင်သိန်းဝင်းက ကမ္ဘာ့ကြက်ခြေနီနေ့ ပေါ်ပေါက် လာပုံသမိုင်းကြောင်းနှင့် ရည်ရွယ် ချက်များ၊ ခရိုင်ကြက်ခြေနီအသင်း အနေဖြင့် ပြည်သူ့အကျိုးပြု လုပ်ငန်းဆောင်ရွက်နေမှုများ၊ ရှေးဦးသူနာပြုစုခြင်းဆိုင်ရာ လုပ်ငန်းများ၊ မြန်မာနိုင်ငံအပါ အဝင် နိုင်ငံအသီးသီးတို့တွင် ကမ္ဘာ့ ကြက်ခြေနီနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ ဆောင်ရွက် နေမှုများအကြောင်းတို့ကို အသိ ပညာပေးရှင်းလင်းဆွေးနွေးခဲ့ ကြောင်း သိရသည်။

**(အောက်ပုံ)(၃၄၀)**







## ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး Talk Show ကျင်းပ

**မိုင်းယောင်း မေ ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ်ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ မေ ၈ရက် နံနက်ပိုင်းက ကလေး အလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး Talk Show ကို ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရုပ်သံကျွမ်းကျင်(၃) ဒေါ်နန်းစီ ဖောင်းက မြန်မာနိုင်ငံသည် ဆင်းရဲ နွမ်းပါးမှုများနှင့် ရွှေ့ပြောင်းနေထိုင် ရမှုများ၊ရာသီဥတုပြောင်းလဲခြင်း ၏ အကျိုးဆက်အဖြစ်ပေါ်ပေါက် လာသည့် သဘာဝဘေးအန္တရာယ် နှင့် ပြည်တွင်းပဋိပက္ခတို့ကြောင့် စားရေရိက္ခာမဖူလုံမှုများ၊ လူမှု စီးပွားဘဝအကျပ်အတည်းများ နှင့် ရင်ဆိုင်နေရသည့် နိုင်ငံ တစ်နိုင်ငံဖြစ်ရာ ကလေးအလုပ် သမား ပိုမိုများပြားလာစေရေး အတွက် တွန်းပို့သလိုဖြစ်နေ ကြောင်း၊ ကလေးအလုပ်သမား ပြဿနာသည် နိုင်ငံများ၏ စီးပွား ရေး ဖွံ့ဖြိုးတိုးတက်မှု၊ လူနေမှုဘဝ မြင့်မားမှု၊ပညာရေးဖွံ့ဖြိုးတိုးတက် မှုများနှင့် တိုက်ရိုက်သက်ဆိုင် လျက်ရှိရာ ကလေးအလုပ်သမား များ လျှော့ချရေးကို အကောင် အထည်ဖော်ရာ၌ ၎င်းတို့ကို လုပ်ငန်းခွင်များအတွင်းမှ ရှာဖွေ ဖော်ထုတ်ကာ ဖယ်ရှားပစ်ရုံဖြင့် အောင်မြင်မှု ရနိုင်မည်မဟုတ် ကြောင်း၊ ဥပဒေရှုထောင့်အပြင် လူမှုရေးရှုထောင့်မှချဉ်းကပ်မှုကို လည်း ထည့်သွင်းစဉ်းစားရမည် ဖြစ်ကြောင်း ဆွေးနွေးပြီး ဒုတိယ ဦးစီးမှူး ဒေါ်နန်းပန်က ကလေး အလုပ်သမားပပျောက်ရေးအတွက် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်စေမည့် မူဝါဒများကို ထိရောက်စွာအကောင်အထည်ဖော် နိုင်ခြင်း၊ ပညာရေးနှင့် အသက် မွေးဝမ်းကျောင်းပညာအခွင့်အလမ်း များဖန်တီးပေးခြင်း၊နွမ်းပါးသည့် မိသားစုများအတွက် ပိုမိုကောင်းမွန် သည့် လူမှုစီးပွားဘဝရရှိစေရန် ဖန်တီးပေးခြင်းတို့ကို ဟန်ချက် ညီလုပ်ဆောင်နိုင်မှသာ လုပ်ငန်း ခွင်အတွင်းရှိ ကလေးအလုပ် သမားအချိုးအစားကို လျှော့ချနိုင် မည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြ ကြောင်း သိရသည်။

**(အပေါ်ပုံ) ရာစီ(ပြန်/ဆက်)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ




## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၂**

ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်း အဖွဲ့သည် သတင်းအရ သက်သေ များနှင့်အတူ မေ ၈ ရက် ည ၁၁ နာရီ ၁၀ မိနစ်က ကလောမြို့ နယ်၊ နန့်ပန်တက်ကျေးရွာအနီး တွင် လမ်းလျှောက်လာသူ နေထူး အောင်အား စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀,၀၀၀ အား တွေ့ရှိသိမ်းဆည်း ရမိခဲ့သဖြင့် နေထူးအောင်(၃၃)နှစ် အား ကလောမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထား ရှိပြီး ကွင်းဆက်များကိုဖော်ထုတ် လျက်ရှိကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**
**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ရန်-မန်းကားလမ်းတွင် ဆီဘောက်ဆာတွဲယာဉ် မတော်တဆမှုဖြစ်ပွား

**မန္တလေး မေ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ် မြို့နယ်၊ မင်းလမ်းကျေးရွာအုပ်စု၊ ပေကုန်းကျေးရွာအနီး၊ ရန်ကုန်- မန္တလေးသွား ကားလမ်းဟောင်း၊ မိုင်တိုင်အမှတ်(၂၈၃)တွင် ဆီ ဘောက်ဆာတွဲယာဉ် တစ်စီး မတော်တဆမှု မေ ၈ ရက် ညနေ ၅ နာရီခွဲက ဖြစ်ပွားခဲ့ သည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း ဦးသော်ဇင်ထက်ဆိုသူ မောင်းနှင်လာသော ဆီဘောက်ဆာတွဲ ယာဉ်တစ်စီးသည် 92 အောက် တိန်းဆီ ဂါလန် ၄၀၀၀၊ 95 အောက်တိန်းဆီ ဂါလန် ၃၀၀၀၊ ပရီမီယံဒီဇယ်ဆီ ဂါလန် ၂၀၀၀ တင်ဆောင်ပြီး ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ မောင်းနှင်လာ စဉ် မိုင်တိုင်အမှတ်(၂၈၃)တွင် ဆိုင်ကယ်အား တိမ်းရှောင်ရာမှ အရှိန်မထိန်းနိုင်ဘဲဖြစ်ကာ လမ်း ဘေးရှိ ချောက်အတွင်းသို့ တိမ်း စောင်းခဲ့ခြင်းဖြစ်သည်။

အခင်းဖြစ်နေရာသို့ ပျော်ဘွယ် မြို့နယ် မီးသတ်စခန်းမှ မီးသတ် ဦးစီးမှူး ဦးကျော်မျိုး ဦးဆောင် ၍ သနွေ၊ အရန်တပ်ဖွဲ့ဝင်များ သည် မီးငြိမ်းသတ်ယာဉ်တစ်စီး၊ မီးသတ်ရေသယ်ယာဉ်တစ်စီး၊ ရှာဖွေကယ်ဆယ်ရေးယာဉ်တစ်စီး တို့ဖြင့် မီးလောင်မှု မဖြစ်ပွားစေ ရေးအတွက် အအေးပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြ သည်။ဖြစ်စဉ်တွင် လူနှင့် အခြား တစ်စုံတစ်ရာ ထိခိုက်ပျက်စီးမှု မရှိခဲ့ကြောင်း သိရသည်။

**(ယာပုံ)(၀၅၇)**



## တောမီးမရှိစေရန် ကွင်းဆင်းဟောပြော

**မိုင်းတုံ မေ ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းတုံခရိုင်၊ မိုင်းတုံမြို့နယ်၊ (မိုင်းတုံအုပ်စု၊ ပန်းမုံကျေးရွာ) တွင် ယမန်နေ့ မွန်းလွဲ ၂ နာရီက တောမီးမရှိစေရန်နှင့် စိုက်မွေးကု ကျောင်း၌ စာသင်သားရရှိစေရန် ကွင်းဆင်းဟောပြောခဲ့သည်။

ရှေးဦးစွာ မိုင်းတုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းလင်းက တောမီးရှို့ခြင်း များ မပြုလုပ်စေရေး၊ မီးခိုး မြူငွေ့ ဖုံးလွှမ်းသည့်ကိစ္စရပ်များ မဖြစ်ပေါ်စေရေး၊ တောင်ယာမီး၊ တောမီးများ မရှိစေရန် အသိ ပညာပေးခြင်း၊ အရေးယူတားဆီး ခြင်း၊ သစ်တောများ ထိန်းသိမ်း ကာကွယ်ခြင်းတို့ကို အသိပညာ ပေးပြောကြားခဲ့ပြီး လက်ထောက် ဦးစီးမှူး ဦးထင်လင်းကျော်က နားကောင်းမှူးကျေးရွာတွင် ဖွင့် လှစ်ထားသော စိုက်ပျိုးရေးနှင့် မွေးမြူရေးကျောင်း၌ စာသင် ကျောင်းသား၊ ကျောင်းသူများ ရရှိရေး စိုက်မွေးကုကျောင်းကို တက်ရောက်ကြရန်နှင့် ကောင်း ကျိုးများကို ရှင်းလင်းပြောကြား ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဌရုံး (နေပြည်တော်)
  (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
  (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
  (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
  (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
  (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
  (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
  (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
  (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
  (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
  (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
  (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
  (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
  (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
  (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
  (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
  (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့


## ဒီပဲယင်းမြို့နယ် အိုးထိမ်းကွင်းကျေးရွာ စာသင်ကျောင်းအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ထိခိုက်သေဆုံးခဲ့ရကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် မေ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် အိုးထိမ်းကွင်းကျေးရွာ စာသင်ကျောင်းကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် ဆရာ ဆရာမ နှစ်ဦး အပါအဝင် ကျောင်းသားကျောင်းသူ၅၀ ဝန်းကျင်ခန့် ထိခိုက်သေဆုံးခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိကြောင်း သိရသည်။

အဆိုပါ သတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ နယ်မြေခံလုံခြုံရေး တာဝန်ရှိတစ်ဦး၏ ပြောကြားချက်အရ အဆိုပါ သတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူလူထု၏ အသက်၊ အိုးအိမ်၊ စည်းစိမ်များနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကိုသာ ဆောင်ရွက်လျက်ရှိပြီး စစ်ရေးပစ်မှတ်မဟုတ်သည့် နေရာများအား ဗုံးကြဲတိုက်ခိုက်မှုများ မရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်မျိုးဆက်သစ် ကျောင်းသားလူငယ်များ ပညာရည်မြင့်မားစေရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိသည်မှာ ပြည်သူများ အသိပင်ဖြစ်ကြောင်း၊ အကြမ်းဖက်သမားများကသာ ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသည့် မြို့နယ်၊ ကျေးရွာများအား လက်နက်ကြီးများ၊ ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ အပြစ်မဲ့ အရပ်သားပြည်သူများအား ပြန်ပေးဆွဲ ဖမ်းဆီးသတ်ဖြတ်ခြင်းများ ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့၏ လူမဆန်သည့်အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန် တရားမဝင် ပြည်ဖျက်မီဒီယာများက ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။




သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၁၂

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် မေ ၁၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် "Phyu 786 hnin" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာ(အရှေ့)ရပ်ကွက်နေ ဖြူဖြူနှင်းအား နံနက် ၁၁ နာရီ ၂၅ မိနစ်တွင် ချမ်းအေးသာစံမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မိုးညှင်း၊ မရမ်းကုန်းနှင့် မြောက်ဥက္ကလာပမြို့နယ်၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် မေ ၁၂

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၉ ရက် နံနက် ၁၁ နာရီခွဲတွင် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာ အုပ်စု နန့်စီးအောင်ကျေးရွာအနီးတွင် ဟိန်းမျိုးမင်း(ခ)ကိုမျိုး မောင်းနှင်ပြီး အာကာ လိုက်ပါလာသည့် SUPER CUSTOM အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၁၃ ဒသမ ၅၆၃ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၂၅၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၃၃၉၀ ဒသမ ၇၅ သိန်း)နှင့် စိတ်ပြောင်းဆေးဝါး Happy Water ၁ ဒသမ ၂၄ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၁၂၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၁၄၈၈ သိန်း) တို့ကိုလည်းကောင်း။

ယင်းနေ့ ညနေ ၄ နာရီခွဲတွင် မရမ်းကုန်းမြို့နယ် အမှတ်(၄) ရပ်ကွက်တွင် သန်းဆွေ(ခ) အညာသား မောင်းနှင်ပြီး ချစ်ကိုကိုအောင် (ခ) ချစ်ကိုနှင့် ဟန်ကိုနိုင်တို့ လိုက်ပါလာသည့် PROBOX မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၄၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၅၄၀၀) တို့ကိုလည်းကောင်း။

မေ ၁၁ ရက် မွန်းလွဲ ၁၂နာရီ မိနစ် ၂၀ တွင် မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက်ရှိ ကားဂိတ်တွင် ပါဆယ်ပစ္စည်း လာရောက်ထုတ်ယူသူ မသဲဖြူ(ခ)သူသူနှင့် အောင်ကိုဟိန်း (ခ) AKတို့အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် သိန်း ၃၀၀) သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



ရဲပြန်ကြား

## အမျိုးသမီးတစ်ဦးအား တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် မေ ၁၂

အမျိုးသမီးတစ်ဦးအား တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၅ နှစ်စီကျခံရန် အမိန့်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် သံမဏိစက်ရုံ(အနောက်)၊ အနီးစခန်းနေ မခင်မိုးမိုးလွင်နှင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဗထူးတိုက်ခန်း တိုက်အမှတ် DD-5၊ (၇)လွှာနေ မခွန်းဆက်ဝေတို့က ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် အိုင်သုံးဆင့်ရွာနေ မ---၊ ၂၂/၂၀၂၄ နှစ်အား တရုတ်ဇနီးအဖြစ် လုပ်ကိုင်ရန် ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်ခဲ့သဖြင့် ချမ်းအေးသာစံမြို့နယ် အမှတ်(၈) မြို့မရဲစခန်း (ပ)၁၆၁/၂၀၂၄ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်သည်။


မဟာအောင်မြေခရိုင်တရားရုံးမှ မေ ၁၈ ရက်တွင် တရားခံ မခင်မိုးမိုးလွင်(ခ)မမိုးနှင့် မခွန်းဆက်ဝေတို့ နှစ်ဦးအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၅ နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်းသိရသည်။ သတင်းစဉ်

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ် မဟာနာယကဆရာတော်ကြီးအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် သွားရောက်ဖူးမြော်၊ မန္တလေးလျှင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် တိုင်းဒေသကြီးလွှတ်တော်အဆောက်အအုံအား သွားရောက် ကြည့်ရှုစစ်ဆေး

**မန္တလေး မေ ၁၂**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်ရှိ မစိုးရိမ်တိုက်သစ်သို့ သွားရောက်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက၊ မွေ့သမိဒ္ဓိကျောင်း ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသအား ဖူးမြော်၍ မန္တလေးငလျင်ကြီးကြောင့် ကျောင်းတိုက်ရှိ အဆောက်အအုံများထိခိုက်ပြိုကျပျက်စီးခဲ့မှုများရှိခဲ့ပြီး နာယကဆရာတော်များ သီတင်းသုံးရာတွင် အခက်အခဲမရှိစေရေး ယာယီသီတင်းသုံးနိုင်ရန် နိုင်ငံတော်က လှူဒါန်းသည့် ယာယီအဆောက်အအုံ ၄လုံး နှစ်စုံအား ၃၈လမ်းနှင့် ၈၇လမ်းထောင့်ရှိ သံဃိကမြေနေရာ၌ ဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဩဝါဒများခံယူခဲ့သည်။





ငင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ရုံးသို့ သွားရောက်ပြီး မန္တလေးငလျင်ကြီးကြောင့် လွှတ်တော်ရုံးအဆောက်အအုံ ထိခိုက်ပျက်စီးခဲ့မှုများ လိုက်လံကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည့် ပြုပြင်မှုများကို အမြန်ဆုံးဆောင်ရွက်သွားနိုင်ရေး တာဝန်ရှိသူများအား မှာကြားပြီး ဝန်ထမ်းများနှင့်တွေ့ဆုံကာ အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**














# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင် တက္ကသိုလ်နှင့် ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်းများအား ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်





**မန္တလေး မေ ၁၂**

တက္ကသိုလ်နှင့် ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်းများအား ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးမြင့်အောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံးမှသင်တန်းနည်းပြများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် တရားဥပဒေကို လူတိုင်းသိရှိနားလည်ထားကြရန်နှင့် လိုက်နာကျင့်သုံးကြရန်လိုအပ်ပါကြောင်း၊ ဥပဒေ ပြဋ္ဌာန်းချက်ပါ အခြေခံသဘောတရားများကို သဘောပေါက်နားလည်စေပြီး ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများကို သိရှိနားလည် လိုက်နာကျင့်သုံးခြင်းဖြင့် ဥပဒေပြဋ္ဌာန်းချက်ပါ အခွင့်အရေးများ ရရှိခံစားနိုင်မည်ဖြစ်ပါကြောင်းနှင့် ဥပဒေအသိပညာပြန့်ပွားရေးကို ကျယ်ကျယ်ပြန့်ပြန့် အလေးထားဆောင်ရွက်နေပါကြောင်း ပြောကြားခဲ့သည်။



ငင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်၊ တိုင်းဒေသကြီးဥပဒေချုပ်က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီးနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးခဲ့ကြောင်း၊ သင်တန်းအား မေ ၁၆ ရက်အထိ ဖွင့်လှစ်ကာ ဥပဒေဘာသာရပ်(၇)ခုကို ပို့ချပေးသွားမည်ဖြစ်ပြီး တက္ကသိုလ်များမှ သင်တန်းသား ၅၀ ဦးနှင့် ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်း သင်တန်းသားခြောက်ဦး တက်ရောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## တောင်တွင်းကြီးမြို့နယ် ပြည်သူ့စာကြည့်တိုက်တွင် လူငယ်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး အသိပညာပေးဆွေးနွေးပွဲ(Talk Show)ကျင်းပ

**တောင်တွင်းကြီး မေ ၁၂**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် လူငယ်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးဆွေးနွေးပွဲ(Talk Show)ကို မေ ၉ ရက်က ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်နှင့် ရပ်သံကျွမ်းကျင်(၃)ဒေါ်မိုင်စန်းသီတာဌေးတို့က အဂတိလိုက်စားမှုကြောင့် ဆုံးရှုံးမှုများအကြောင်း၊ လူငယ်တွေအပေါ် ဆိုးကျိုးသက်ရောက်စေသည့် အဂတိလိုက်စားမှုများအကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် လူငယ်များ ပါဝင်လာစေရန် ဆောင်ရွက်ရမည့် နည်းလမ်းများအကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲ(Talk Show)အပြည့်အစုံကို ပြည်သူများ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့်ပတ်သက်၍ လေ့လာသိရှိနိုင်စေရန်အတွက် တောင်တွင်းကြီးမြို့နယ် ပြည်သူ့စာကြည့်တိုက် Page မှထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(နောင်နောင်-ဗိသုနိုးမြေ)**

သတင်း စာမျက်နှာ ၁၂



## စတုဒိသာ အလှူတော်ပွဲကျင်းပ

**ဆင်ပေါင်ဝဲ မေ ၁၂**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ် ထူးပေါက်ကျေးရွာတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ကဆုန်လပြည့်နေ့ စတုဒိသာနိဗ္ဗာန်ဈေး အလှူတော်ပွဲကို မေ ၁၁ ရက် နံနက် ၈ နာရီက ဆုတောင်းပြည့်စေတီအောင်တော်မူဘုရားဝင်း အတွင်း၌ ကျင်းပခဲ့သည်။

စတုဒိသာနိဗ္ဗာန်ဈေးအလှူပွဲတော်ကို မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးထမ်းအစဉ်အလာများဖြင့် ဆင်ပေါင်ဝဲမြို့နယ် ထူးပေါက်ကျေးရွာရှိ ကျေးရွာပြည်သူများ စုပေါင်း၍ ကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုနှစ်သည် (၁၄)ကြိမ်မြောက် ကျင်းပခဲ့သည်။

အဆိုပါ စတုဒိသာနိဗ္ဗာန်ဈေးအလှူပွဲတွင် ကျေးရွာအတွင်းရှိ စေတနာရှင်၊ အလှူရှင်များမှ မြန်မာ့ရိုးရာမုန့်ပဲသရေစာများ၊ အသင့်စားသုံးနိုင်သည့် စားသောက်ဖွယ်ရာမျိုးစုံ လာရောက်ကျွေးမွေးလှူဒါန်းကြပြီး ကျေးရွာနေပြည်သူများနှင့် အနီးဝန်းကျင်ကျေးရွာများမှ ပြည်သူများ၊ လူမျိုးမရွေး၊ ဘာသာမရွေး၊ လူကြီးလူငယ်အရွယ်စုံ စည်ကားသိုက်မြိုက်စွာ မြန်မာ့ရိုးရာဓလေ့ ပွဲတော်ကို လာရောက်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ

# မဟာမုနိဘုရားကြီး ရေးမူမပျက် အမြန်ဆုံးပြန်လည်ပြုပြင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး မေ ၁၂**

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် မဟာမုနိဘုရားကြီး ပြန်လည်ပြုပြင်ရေးအတွက်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က မဟာမုနိဘုရားကြီး ပြန်လည်ပြုပြင်ရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးဖြစ်ရာ ယနေ့ မွန်းလွဲ ၁ နာရီက မဟာမုနိဘုရားကြီး ရေးမူမပျက်အမြန်ဆုံးပြန်လည်ပြုပြင်ရေးညှိနှိုင်းအစည်းအဝေးကို ဘုရားကြီးဂေါပကအဖွဲ့ရုံး၌ ကျင်းပပြုလုပ်ရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်း၊ လုပ်ငန်းကော်မတီအဖွဲ့ဝင် တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်နှင့် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်းနှင့် ဂေါပကအဖွဲ့ဝင်များ၊ လုပ်ငန်းနယ်ပယ်အသီးသီးမှ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အင်ဂျင်နီယာများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း(ရုံးချုပ်)၊ ငလျင်ကော်မတီ၊ ဘူမိဗေဒပညာရှင်များက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

ရှေးဦးစွာ မဟာမုနိဘုရားကြီး ရေးမူမပျက် ပြန်လည်ပြုပြင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်က အဖွင့်အမှာစကားကိုလည်းကောင်း၊ သယံဇာတရေးရာဝန်ကြီးက လုပ်ငန်းကော်မတီ ဖွဲ့စည်းရခြင်းရည်ရွယ်ချက်ကိုလည်းကောင်း အသီးသီး ပြောကြားကြသည်။ ထို့နောက် လက်ရှိမဟာမုနိရုပ်ရှင်တော်မြတ်ကြီး ကိန်းဝပ်စံပယ်တော်မူရာ ဂန္ဓကုဋီတိုက်နှင့် ဆက်စပ်အဆောက်အအုံအနောက်ဘက်ခြမ်း ပြိုကျမှု၊ အရှေ့ဘက်စောင်းတန်းအလယ်၊ တန်ဆောင်းတောင်ဘက်၊ အနောက်ဘက်တို့ ပြာသာဒ်အားလုံး ပျက်စီးမှု၊ ဘုရားကြီးရင်ပြင်တော်အခင်းများ ပျက်စီးမှု၊ ဂန္ဓကုဋီတိုက်နှင့် ဆက်စပ်အဆောက်အအုံအနောက်မြောက်ထောင့်နှင့် အရှေ့တောင်ထောင့် တိုင်များပျက်စီးမှု၊ အုတ်ခုံများ ဘုရားအာရုံခံအတွင်း ပျက်စီးမှု၊ ဆင့်တန်းနှင့် အမိုးများ ပြန်လည်အစားထိုးပြုပြင်ရန်ကိစ္စနှင့် ပင်မဆောင်ဂန္ဓကုဋီတိုက်တော်ကြီး အနောက်ဘက်ခြမ်းတွင်(တောင်မြောက်)၅၆ပေ အရှည်အဆောက်အအုံတွင် အက်ကြောင်းတစ်ကြောင်း အမြင့် ၈ ပေ ၇ လက်မခန့်တွင် ပေါ်နေခြင်း၊ ဂန္ဓကုဋီတိုက်အတွင်း ယခင်ဘိုးတော်ဘုရား(ဗဒုံမင်း)တည်ဆောက်ခဲ့သည့် မူလဂန္ဓကုဋီအဆောင်၏ တတိယဘုံအဆင့်တွင် အက်ကြောင်း ၂ ကြောင်းနှင့် ပင်မကျောင်းဆောင်အထက် ၇ ပေ အမြင့်ရှိ အုတ်ဖြင့်တည်ဆောက်ထားသော ပြာသာဒ်တွင် အတွင်းအပေါ်ပိုင်း၌ ၇ ပေခန့် အက်ကြောင်း ၂ ကြောင်းပေါ်နေခြင်းအား အမြန်ဆုံး Grouting ထည့်ပြုပြင်ပေးရန်နှင့် အတွင်းပိုင်းပလာစတာချောခြင်းနှင့် အက်ကြောင်းအထက်အောက် ၈ ပေ အရှည်သံပြားများဖြင့် အက်ကြောင်းတစ်လျှောက် အနောက်ဘက်ခြမ်းမှ ကပ်၍ သံပြား၏နောက်တွင် ၈ ပေ ၄ လက်မ H-beam တိုင်၊ ချုပ်တန်းများ ဘုရားဆောင်ကြီးတစ်ပတ်(အောက်ခြေ၊ အလယ်၊ အထက်)နေရာများတွင် ထောက်ခံ၍ အက်ကြောင်းအား ကာကွယ်ပေးနိုင်အောင် တည်ဆောက်လိုသည့် အစီအစဉ်များတင်ပြခြင်းနှင့် လုပ်ငန်းအစီအစဉ် (၁၆)ရပ်ရေးဆွဲတင်ပြပြီး တစ်ပြိုင်တည်းလုပ်ငန်းများ စတင်အပ်နှံပြုပြင်ဆောင်ရွက်ရန်ကိစ္စရပ်များကို ညှိနှိုင်းခဲ့ကြသည်။

ထို့ပြင်အစားထိုးတည်ဆောက်မည့် ပင်မတိုင် ၇ တိုင်အား (RC) ကွန်ကရစ်တိုင်တည်ဆောက်၍ အပြင်မှ အုတ်ရိုး(၉ လက်မ) ကပ်၍ ရေးပုံစံမပျက် မူလပုံစံအတိုင်း တိုင်များ၌ ကျောက်စိမ်းပြားများကပ်ခြင်း၊ အပေါ်ပိုင်း ပင်မတိုင်ကြီးအား ရွှေရောင်သုတ်၍ ပူဇော်ကပ်လှူခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် တိုင် Column Design ကို ပညာရှင်များ၏ စိစစ်အတည်ပြုချက် အမြန်ပေးရန်လိုအပ်ပြီး မိမိတို့အင်ဂျင်နီယာများ နယ်မြေအလိုက် တာဝန်ခံထားရှိတည်ဆောက်ရေးကိစ္စ၊ တစ်ပြိုင်တည်း တည်ဆောက်ရန်ကိစ္စရပ်များကို ညှိနှိုင်းကြသည်။

စည်ပင်သာယာရေးဝန်ကြီး အနေဖြင့် တည်ဆောက်လိုသည့် နည်းစနစ်၊ Column တိုင် Design၊ အောက်ခံမြေသားစမ်းသပ်မှုပြုလုပ်နေဆဲဖြစ်ပြီး (၃ပေ ၆ လက်မ)ဗျက်ရှိ အုတ်ခုံများ ရှင်းလင်းကာ ပြန်လည်၍ မူလနေရာများတွင် RC Design အသစ် Column တိုင်များ တပ်ဆင်ပြီးစီးရေး ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာ အောင်ကျော်မြတ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (ဗဟို)ဥက္ကဋ္ဌ ဦးခင်မောင်ဌေး၊ ငလျင်ပညာရှင်များ၊ Structure တည်ဆောက်ရေး မြို့ပြအင်ဂျင်နီယာများ၊ ဗိသုကာပညာရှင်များ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)ညွှန်ကြားရေးမှူး၊ မန္တလေး နည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(မန္တလေး)တို့မှ ပါမောက္ခဌာနမှူးများက ပြန်လည်တည်ဆောက်ရေးလုပ်ငန်းဆိုင်ရာ တင်ပြချက်များအပေါ် အကြံပြုဆွေးနွေးညှိနှိုင်းကြသည်။

ယနေ့အစည်းအဝေးသည် ပထမအကြိမ်လုပ်ငန်းအစီအစဉ် တင်ပြသည့်ကိစ္စ၊ အသစ်တည်ဆောက်ဆောင်ရွက်မည့်အစီအစဉ် အသေးစိတ်၊ Method Of Statement များ တည်ဆောက်ရန် Design ပုံစံများ အမြန်ဆုံး ညှိနှိုင်းဆုံးဖြတ်အကြံပြုရေး စီစဉ်ဆောင်ရွက်ပေးရန် ညှိနှိုင်းသဘောတူခဲ့ကြသည်။

စည်ပင်သာယာရေးဝန်ကြီး အနေဖြင့် မဟာမုနိဘုရားကြီး မူလပုံစံမပျက် ရေးမူအတိုင်း ပြန်လည်တည်ဆောက်ရေးလုပ်ငန်းအား Master Plan ရေးဆွဲတင်ပြရန်နှင့် ပြန်လည်တည်ဆောက်ပြီးစီးရေးလုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များအား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးကြရန် နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀



## (၁၅)ကြိမ်မြောက် သုတစွယ်စုံစာပေဆုအတွက် ဆုရရှိသူများစာရင်းထုတ်ပြန်

နေပြည်တော် မေ ၁၂

စွယ်စုံမီဒီယာဂရု(ပ်) (SweSone Media Group) ၏ သုတစွယ်စုံစာအုပ်တိုက်က ချီးမြှင့်မည့် (၁၅) ကြိမ်မြောက် သုတစွယ်စုံစာပေဆုအတွက် ဆုရရှိသူများစာရင်းကို ဆုရွေးချယ်ရေးအဖွဲ့က ယနေ့တွင် ထုတ်ပြန်ကြေညာလိုက်သည်။

ဆုရရှိသူများမှာ ၂၀၂၃ ခုနှစ်အတွက် သုတစွယ်စုံတစ်သက်တာစာပေဆုကို ဆရာကြီး ဒေါက်တာခင်မောင်ညိုရရှိပြီး ၂၀၁၈ ခုနှစ်အတွက် ရည်ညွှန်းစာပေဘာသာရပ်တွင် နိုင်ဇော်၏ "ထင်ရှား ထူးချွန် ဆရာဝန်"၊ အတ္ထုပ္ပတ္တိစာပေဘာသာရပ်အတွက် ဗိုလ်အေးမြင့်ကြူ၏ "ကျွန်တော့်ကို မမေ့ပါနဲ့"၊ ၂၀၁၉ ခုနှစ်အတွက် သုတ(ဝိဇ္ဇာ) ဘာသာရပ်တွင် သိန်းထွန်း(မြဝတီ)၏ "တိုင်းရင်းသားလူမျိုးတို့၏ ဓလေ့ထုံးစံများ"၊ ၂၀၂၀ ပြည့်နှစ်အတွက် အသုံးချသိပ္ပံဘာသာရပ်တွင် ဒေါက်တာသိန်းဆွေ (ပြည်သူ့ ကျန်းမာ) ၏ "ကျန်းမာခြင်းဆုလာဘ်"၊ ၂၀၂၁ ခုနှစ်အတွက် သုတ(ဝိဇ္ဇာ)ဘာသာရပ်တွင် ကျော်ကျော်လှိုင်၏ "ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှုအရည်အသွေးကို လေ့လာခြင်း(တတိယမြန်မာနိုင်ငံတော်)"၊ ၂၀၂၂ ခုနှစ်အတွက် ဘာသာပြန်စာပေဘာသာရပ်တွင် နေဇင်လတ်၏ "စီးပွားဖျက်သူလျှို၏ ဖျောင့်ချက်"၊ စာပဒေသာဘာသာရပ်တွင် မောင်ခေတ်ထွန်း၏ "မောင်ခေတ်ထွန်း၏ စာ (စိန်ရတုလက်ရွေးစာပေါင်းစု)"၊ အတ္ထုပ္ပတ္တိစာပေဘာသာရပ်တွင် ဟိန်းလတ်၏ "မြန်မာ့စွမ်းအင် လူချွန်လူကောင်း"၊ ၂၀၂၃ ခုနှစ်အတွက် စာပဒေသာဘာသာရပ်တွင် ဒေါက်တာထွေး(ဆေး/မန်း)၏ "နိပ္ပွန်ပြည်တွင် တဒ်ဂ"၊ သုတ(ဝိဇ္ဇာ)ဘာသာရပ်တွင် ကျော်ညွန့်ရည်၏ "အန်ကောခေတ်ယဉ်ကျေးမှု"၊ အသုံးချသိပ္ပံဘာသာရပ်တွင် ပါမောက္ခ ဒေါက်တာမြသိန်းဟန်၏ "ခွဲစိတ်ဆရာဝန်တစ်ဦး၏ ဖြောင့်ချက်"တို့ ဖြစ်ကြသည်။

အထက်ပါဆုများကို တစ်သက်တာစာပေဆုအတွက် ငွေကျပ်သိန်း ၃၀ နှင့် စာအုပ်ဆုများအတွက် စာရေးဆရာတစ်ဦးလျှင် ငွေကျပ် ၁၅ သိန်းစီ ချီးမြှင့်မည်ဖြစ်သည်။ ၂၀၀၄ ခုနှစ်အတွက် သုတစွယ်စုံစာပေဆုကို ၂၀၀၆ ခုနှစ်မှစတင်၍ စဉ်ဆက်မပြတ်ချီးမြှင့်ခဲ့ပြီး ယခုအကြိမ်တွင် ၂၀၁၈ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ နှစ်အလိုက်ထုတ်ဝေခဲ့သည့် စာအုပ်များကို အခြေခံ၍ (၁၅)ကြိမ်မြောက် ချီးမြှင့်ခြင်းဖြစ်သည်။

ဆုချီးမြှင့်ပွဲကို ရန်ကုန်မြို့တွင် မကြာမီကျင်းပရန် စီစဉ်ထား၍ ဆုရရှိသူများသည် စွယ်စုံမီဒီယာဂရု(ပ်)ဖုန်း-၀၁-၃၈၅၂၉၃၊ ၈၃၉၂၇၃၉ နှင့် ၃၇၄၄၀၀ သို့ အမြန်ဆက်သွယ်သတင်းပို့ကြပါရန် အကြောင်းကြားထားကြောင်းသိရသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

(၁၂-၅-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၄-၅-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၁-၅-၂၀၂၅) ရက်နေ့၊ ည (၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၇၅၄)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)မှ သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေး
ဗဟိုဌာန(Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

# Online Sales မှတ်ပုံတင်လျှောက်ထားခြင်းကို ဖုန်းနံပါတ်(သို့) Email Adress ဖြင့် လျှောက်ထားနိုင်

Online Sales မှတ်ပုံတင် လျှောက်ထားမည့်သူသည် (www.ecomreg.gov.mm) မှ တစ်ဆင့် ဖုန်းနံပါတ်(သို့)Email Adress ဖြင့် Member Register လျှောက်ထားနိုင်ကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။

Online Sales မှတ်ပုံတင် လျှောက်ထားရန် Member Register ရရှိပြီးပါက Login ဝင်၍ eComreg System တွင် Online Sale လုပ်ငန်းများအတွက် Registration Form တွင် လိုအပ်သည့်အချက်အလက်များကိုဖြည့်ကာ မှတ်ပုံတင် လျှောက်ထားရမည်ဖြစ်ပြီး Member Register တစ်ခုလျှင် မှတ်ပုံတင် တစ်စောင်သာ လျှောက်ထားနိုင်မည်ဖြစ်သည်။

Online Sales လျှောက်ထားရာမှာ အမျိုးအစား (၁) - ကုမ္ပဏီ(သို့မဟုတ်) စီးပွားရေးအဖွဲ့အစည်းများနှင့် အမျိုးအစား (၂) - Individual တစ်ဦးချင်း စီးပွားရေးလုပ်ငန်းများ စသည်ဖြင့် အမျိုးအစား(၂)မျိုးရွေးချယ် လျှောက်ထားနိုင်သည်။

အမျိုးအစား(၁)၊ အမျိုးအစား(၂)မှတ်ပုံတင်လျှောက်ထားရာတွင် တင်ပြရမည့်အထောက်အထားများမှာ တင်ပြမည့်ပုံများ၊ ထောက်ခံချက်များ၊ မှတ်ပုံတင်/Passport များ၊ Logo များသည် ထင်ရှားပြတ်သားပြီး အပြည့်အစုံပါဝင်ရမည်ဖြစ်သည်။

မဖြစ်မနေ ပူးတွဲတင်ပြရမည့် အထောက်အထားများမှာ- (၁)လုပ်ငန်း၏ Logo(jpg File)၊(၂)လုပ်ငန်းလိပ်စာမှန်ကန်ကြောင်းအတွက် ရပ်ကွက်ထောက်ခံချက်(pdf File)၊ (၃)လုပ်ငန်းပိုင်ရှင် Passport Size ဓာတ်ပုံ (jpg File)၊ (၄)Citizen-လုပ်ငန်းပိုင်ရှင်မှတ်ပုံတင် Color ရှေ့နောက် (pdf File)၊ (၅) လုပ်ငန်းပိုင်ရှင်လိပ်စာမှန်ကန်ကြောင်းအတွက် ရပ်ကွက်ထောက်ခံချက်(pdf File)၊ (၆)လုပ်ငန်းပိုင်ရှင် ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံချက်၊(၇)SME မှတ်ပုံတင်/SME ကတ် (pdf File) (SME နံပါတ်ဖြည့်သွင်းထားပါက)၊ အမျိုးအစား(၁) ကုမ္ပဏီ (သို့မဟုတ်)စီးပွားရေးအဖွဲ့အစည်းများအတွက်- (၈)



ကုမ္ပဏီမှတ်ပုံတင်မိတ္တူကာလာ (ဒါရိုက်တာ List အပါ)၊ (၉) ကုမ္ပဏီ Letter Head ပါ ဒါရိုက်တာလက်မှတ်ထိုး၍ ကုမ္ပဏီ၏ လုပ်ငန်းဖြစ်ကြောင်း ထောက်ခံချက်(လျှောက်ထားသည့်လုပ်ငန်းအမည်၊ ကုမ္ပဏီအမည်၊လျှောက်ထားသည့် Link မတူပါက) ဖြည့်သွင်းမှုအရ ထပ်မံတင်ပြရမည့် အထောက်အထားများ (မဖြစ်မနေတင်ပြရန်မလိုပါ)၊ (၁၀)ပသကမှတ်ပုံတင်လက်မှတ် pdf File (ပသကအမှတ် ဖြည့်သွင်းထားပါက) စသည့် အချက်အလက်များကို မှန်ကန်စွာဖြည့်သွင်းရမည်ဖြစ်သည်။

Online Application Form ကြေးကျသင့်ငွေပေးသွင်းခြင်းကို AYA Pay, MPU(e-Commerce Pay), KBZ Pay, UAB Pay, A+ Wallet, Citizens Pay တို့ဖြင့်ပေးသွင်းနိုင်ပြီး Online Sales မှတ်ပုံတင်ရာမှာ အချက်အလက်မပြည့်စုံပါက "ပြင်ဆင်ရမည့်အချက်အလက် Message အား ပြည်လည်ပေးပို့သွားမည်ဖြစ်သည်။

အွန်လိုင်းစနစ်ဖြင့်ရောင်းချခြင်း (Online Sales)လုပ်ငန်း မှတ်ပုံတင်လက်မှတ်လျှောက်ထားမှုကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ စားသုံးသူရေးရာဦးစီးဌာနမှ မြေပြင်စိစစ်ပြီးမှသာလျှင် ကုန်သွယ်ရေးဦးစီးဌာနမှ Online Sale မှတ်ပုံတင်လက်မှတ်ခွင့်ပြုထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၅)

ပတ်စရာ၊ မှတ်စရာ
စုံလင်

## သကာပျားလို့ နှုတ်ချိုစေ

* နှုတ်ဝစီအမွန်နှောပါလို့
လူ့သဘောမနောဖြူ
အများပေါ် ညာတာစိတ်တို့
ယိုဖိတ်ဂုဏ်ထူ ။

* မာန်မာန အတ္တဘဝင်
ရှောင်ဖယ်ကြဉ်လို့ ထာဝရ
ဒေါသရန်အပြီးသတ်လို့
သင့်မြတ်မယ်ပ ။

* စေတနာအကြင်နာတရားတို့
နှလုံးသားလည်း အလှဆင်
လူတိုင်းကို အမုန်းကင်းပေါ့
ချစ်ခြင်းနွယ်မျှင် ။

* ချိုသာစကား ပီယကြွယ်
ချစ်စဖွယ် နားဝင်အေး
အပြုံးပန်းဆင် မျက်ဝန်းငွေနှင့်
ကြည်မွေ့ရှင်အေး ။ ။

မောင်မောင်လင်းထွင့်(နန်းတော်ရှေ့)



## သမဝါယမစာရင်းရေး၊စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း၏ သင်တန်းတက်ရောက်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

မကွေး မေ ၁၂

မကွေးတိုင်းဒေသကြီး၊သမဝါယမဦးစီးဌာန၊သမဝါယမစာရင်းရေး၊ စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း (မကွေး)၏ ၂၀၂၅-၂၀၂၆ပညာသင်နှစ် (ပထမနှစ်)သင်တန်းတက်ရောက်နိုင်ရေးအတွက် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ ယမန်နေ့ကအထိ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ကွင်းဆင်းဆောင်ရွက်ရာတွင် သမဝါယမစာရင်းရေး၊ စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း(မကွေး)မှ ကျောင်းအုပ်ကြီး ဒေါ်စန္ဒာထွန်းနှင့် မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန တာဝန်ရှိသူများကြီးကြပ်လိုက်ပါ၍ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များဖြစ်သော မကွေး၊ရေနံချောင်း၊ချောက်၊ တောင်တွင်းကြီး၊မင်းဘူး၊သရက်၊ အောင်လံ၊ ဆင်ပေါင်ဝဲ၊ မင်းလှ၊ နတ်မောက်၊ မြို့သစ်မြို့နယ်များသို့ သွားရောက်ကာ ကွင်းဆင်းအဖွဲ့ သုံးဖွဲ့ဖြင့် ဧပြီ ၂၈ ရက်မှစတင်ကာ မေ ၆ရက်အထိ သမဝါယမစာရင်းရေး၊ စာရင်းကိုင်သက်မွေးပညာ သင်တန်းဆိုင်ရာများအား အသိပညာပေးရှင်းလင်းဟောပြောခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။

(အပေါ်ပုံ)

ဝင်းအိမ့်နွန်(ပြန်/ဆက်)

*-*-*-*-*

## တစ်နိုင်တစ်ပိုင်အသားတိုးဝက်များ မွေးမြူလျက်ရှိ

နတ်မောက် မေ ၁၂

မကွေးတိုင်းဒေသကြီးနတ်မောက်မြို့နယ်၊ ကြူအိုင်ကျေးရွာ၌ မိသားစုတစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိစေရေး တစ်နိုင်တစ်ပိုင် အသားတိုးဝက်မွေးမြူလျက်ရှိသည်။

နတ်မောက်မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများရှိ ဝက်မွေးမြူသူများသည် ယခုအခါ အသားတိုးဝက်သားပေါက်များကို ဝယ်ယူကြ၍ အသင့်စပ်ပြီးဝက်စာ(CP)စာများဖြင့် ကျွေးမွေးပြုစုလျက်ရှိကာ ဝက်ခြံတစ်ခြံလျှင် ဝက်သားပေါက်ကောင်ရေ ၁၀ကောင်မှ အကောင်(၂၀)အထိထည့်သွင်းမွေးမြူထားရှိကြကြောင်း၊(CP)ဝက်သားပေါက်များ၏ ကျန်းမာရေးအတွက် သန့်ရှင်းသောဝက်ခြံအဖြစ် စနစ်တကျအမိုးအကာဖြင့် တည်ဆောက်မွေးမြူရကြောင်း၊ (CP)အသားတိုးဝက်များကို ခြံတွင် ထည့်သည့်ရက်မှ ရက်သတ္တပတ် ၁၃ ပတ်မှ ၁၆ပတ်အတွင်း ဝယ်ယူသူကုမ္ပဏီများသို့ ရောင်းချနိုင်ပြီဖြစ်ကြောင်း၊ မွေးမြူထားတဲ့ ဝက်သားပေါက်များထဲမှ ဝက်အမချန်ထားပြီး ဆက်လက် မျိုးပွားရန်မွေးမြူထားကြောင်း၊ မိမိတို့ခြံမှ အသားတိုးဝက်များ ရောင်းချချိန်တွင် ဈေးကောင်းရရန် မျှော်လင့်ကြောင်း ကြူအိုင်ကျေးရွာမှ မွေးမြူရေးလုပ်ကိုင်သူ မနီလာကပြောသည်။

(ယာပုံ)

မူမူစန်း






ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်၊ စာပေ လေ့လာစို့ ။



## ကဆုန်လပြည့်နေ့ (၆၇)ကြိမ်မြောက် မြို့နယ်လုံးကျွတ်ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**လင်းခေး မေ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ လင်းခေးမြို့နယ်လုံးကျွတ် ကဆုန်လပြည့်နေ့ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မေ ၁၁ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

အဆိုပါလောင်းလှူပွဲကျင်းပရာ၌ အပူဇော်ခံဘုရားဆင်းတုတော်တစ်ဆူကို ဦးဆောင်ကားဖြင့် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ကမ္ဘဋ္ဌာန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရအမှူးပြုသည့် သံဃာတော်များနှင့် သာမဏေအပါး ၇၅၁ ပါးတို့က လင်းခေးမြို့ မဟာဝိဟာရပရိယတ္တိစာသင်တိုက်သုံးထပ်ကျောင်းဆောင်ရှိမုခ်ဦးမှ စတင်ကာ လှည့်လည်ပူဇော်ခံခဲ့ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်၊ သာမဏေအပေါင်းက မြို့နယ်မဟာမြတ်မုနိဘုရားကျောင်းတော်ရှေ့ မြို့မလမ်းကြီးမှ တောင်ရွာရပ်ကွက်ပတ်လမ်းအတိုင်း ဆွမ်းဆန်စိမ်းအလှူခံခဲ့ကြရာ မြို့နယ်အတွင်းရှိ စေတနာအလှူရှင်အပေါင်းက ဆွမ်းဆန်၊ ဆီ၊ ဆား၊ ဆေးဝါး ပစ္စည်းများ၊ လှူဖွယ်အမျိုးမျိုးနှင့် သံဃာအသုံးအဆောင်ဆိုင်ရာ ပစ္စည်းအမျိုးမျိုးတို့ကို ပူဇော်လောင်းလှူခဲ့ကြကာ (၆၇)ကြိမ်မြောက် မြို့နယ်လုံးကျွတ်ကဆုန်လပြည့်နေ့ ဆွမ်းဆန်စိမ်းလောင်းပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**
**မြို့နယ်(ပြန်/ဆက်)**

## (၁၃၁)ကြိမ်မြောက် မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**အောင်လံ မေ ၁၂**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ ၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်(ဗုဒ္ဓနေ့)မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယမန်နေ့ ညနေ ၃နာရီက အောင်လံမြို့၊ ကန်ကြီးရပ်ကွက်၊ သိမ်ကုန်းဓမ္မာရုံဘုရားကြီးရှေ့ အလယ်လမ်းမှ စတင်၍ တစ်မြို့လုံးသို့ လှည့်လည်ပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် အောင်လံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၁၃၇ကျောင်းမှ ရဟန်းသာမဏေပေါင်း ၁၂၈၇ ပါး၊ ဖိုးသူတော် ၁၁ ပါး၊ သီလရှင်စာသင်တိုက် ၂၀ ကျောင်းမှ သီလရှင် ၉၂၆၂ ပါး၊ စုစုပေါင်း ၁၅၆၀ ပါးတို့အား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်လွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှရွှေနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့ပေါ်ရပ်ကွက်ရှိ စေတနာရှင် အလှူရှင်များက ဆွမ်းဆန်တော်နှင့် အခြားလှူဖွယ်ပစ္စည်းများလှူဒါန်းခဲ့ရာ ဆွမ်းဆန်တော် ၁ တင်းခွဲအိတ် ၂၅၂၆ အိတ်နှင့် အခြားလှူဖွယ်ပစ္စည်းများ တန်ဖိုးငွေ စုစုပေါင်းငွေကျပ် သိန်းပေါင်းနှစ်ထောင်လေးဆယ့်ရှစ်သိန်းခြောက်သောင်းလေးထောင့်နှစ်ရာခန့် လောင်းလှူခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) အာကာ(ပြန်/ဆက်)**




## ဆွမ်းဆန်စိမ်းစုပေါင်းလောင်းလှူပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ဆင်ပေါင်ဝဲ မေ ၁၂**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့၌ မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းစုပေါင်းလောင်းလှူပွဲကို မေ ၁၀ရက် ညနေ ၄ နာရီက အမှတ်(၃)ရပ်ကွက်၊ ဘုရားငါးဆူစေတီတော်မြတ်ကြီးမှ စတင်၍ တစ်မြို့လုံးသို့ လှည့်လည်ပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပရာ မြို့နယ်ရှိ ရဟန်းသံဃာ၊ သာမဏေနှင့် သီလရှင်တို့အား အမှတ်(၁)ဈေး ရပ်ကွက်က ဦးဆောင်၍ ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖများ၊ မြို့ပေါ်ရပ်ကွက်ရှိ ပြည်သူများ အားလုံးပူးပေါင်းပါဝင်၍ စုပေါင်း ဆွမ်းဆန်စိမ်းလောင်းလှူခဲ့ကြသည်။ **(ယာပုံ)**

အဆိုပါဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မြို့ပေါ်ရှိ အိမ်ထောင်စုအားလုံးက စုပေါင်းလောင်းလှူကြပြီး ဗုဒ္ဓသာသနာ အဓွန့်ရှည်ပြန့်ပွားစေရေး ဆင်ပေါင်ဝဲမြို့နယ်ရှိ မျိုးဆက်သစ်တို့အနေဖြင့် မိရိုးဖလာဗုဒ္ဓဘာသာအဆင့်မှ ဘာသာရေးကို အလေးအနက်ထားပြီး ယုံကြည်စွာကိုးကွယ်ရေးကို ရည်ရွယ်၍ ယခုကဲ့သို့ နှစ်စဉ်မပျက် ဆွမ်းဆန်စိမ်းစုပေါင်းလောင်းလှူပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**





## သံဃာတော်အပါး ၃၉၀ အား ဆွမ်းသပိတ်လောင်းလှူ

**မန္တလေး မေ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ ပုပ္ပါးမြို့မ မူလတောင်ကျောင်းကြီးပရိဝုဏ်အတွင်း၌ တည်ထားသော စေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင် လှူပူဇော်ခြင်းနှင့် သံဃာတော်အပါး၃၉၀ အားဆွမ်း၊ ပရိက္ခရာအစုံနှင့် စာရေးတံမဲ လှူပွဲ(၁၂)ကြိမ်မြောက်ကို ကဆုန်လပြည့်နေ့က အဆိုပါကျောင်းဝင်း၌ ကျင်းပသည်။ နံနက်ပိုင်းတွင် ဗုဒ္ဓါဘိသေက အနေကဇာတင်ပြီး ပင့်သံဃာများအား အရုဏ်ဆွမ်းဆက်ကပ်သည်။ ထို့နောက် သံဃာတော် အပါး ၃၉၀ အား ဆွမ်းပရိက္ခရာ အပါးအစုံနှင့် စာရေးတံမဲကပ်လှူကြပြီး ကြွရောက်လာသော ဧည့်သည်များအား သားသတ်လွတ်ဒံပေါက်၊ လက်ဖက်ရည်၊ အချိုရည်၊ ရွှေရင်အေးတို့ဖြင့် ဧည့်ခံသည်။ အဆိုပါဆွမ်းလောင်းလှူပွဲကို ရှောက်ပင်တောရ ထိ၊ သိ၊ သတိ အကျွတ်အလွတ်တောရဆရာတော် အရှင်ဘဝနနှင့် တပည့်သာဝကများက ကျင်းပခဲ့ပြီး မြင်းခြံ၊ တောင်သာ၊ ပုပ္ပါးဝန်းကျင်မှ သံဃာတော်များအား လောင်းလှူခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)(ဝ၄၅)**

## ငလျင်ကြီးကြောင့် သီလရှင်နှင့် စာသင်တိုက်သို့ ဆန်အိတ်များ ပေးအပ်လှူဒါန်း

**မန္တလေး မေ ၁၂**


မန္တလေးမြို့၊ တောင်စလင်းတိုက်သစ်ဆရာတော်၊ ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေး အသင်းချုပ်နှင့် နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တတိက္ခအဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဦးဆောင်သော ဥက္ကဋ္ဌ ဦးလှဝင်းနှင့်အဖွဲ့သည် ယမန်နေ့ နံနက် ၁၀ နာရီက ငလျင်ကြီးကြောင့် ဘေးသင့်ခံခဲ့ကြရသည့် သီလရှင်ကျောင်းပေါင်း ၁၀၀အတွက် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းဂူနီချောင်ရှိ ဒေါ်ကေတုဝတီ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ(ဥက္ကဋ္ဌ) မြို့နယ်သီလရှင်အဖွဲ့ထံသို့ ဆန်အိတ် အလုံးပေါင်း ၁၀၀ကို ပေးအပ်လှူဒါန်းရာ ဒေါ်ကေတုဝတီက ကျောင်းအားလုံးကိုယ်စား ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

အဆိုပါ ငလျင်ဘေးသင့် သီလရှင်ကျောင်းများတွင် ခေမေသကကျောင်းတိုက်ခွဲက ၅၁ ကျောင်း၊ ဂူနီကျောင်းတိုက်ခွဲက ၄၄ ကျောင်းနှင့် မောက္ခသိဝံကျောင်းတိုက်ခွဲက ၅ကျောင်း ပါဝင်ပြီး လှူဒါန်းသည့် ဆန်အိတ်များမှာ ၆ ပြည်အိတ်များဖြစ်သည်။ ထို့နောက် ရန်ကုန်မြို့ အသင်းခွဲအမှတ်(၃၄၆) ဥက္ကဋ္ဌဦးသက်အောင်အဖွဲ့က ဆန်အိတ် ၄၄ အိတ်နှင့်အတူ အသင်းချုပ်အဖွဲ့ဝင်များက ပစ္စည်းလေးပါး အချို့ကို ပေးအပ်လှူဒါန်းပြီး စစ်ကိုင်းမြို့ရှိ ကောင်းမှုတော်စေတီ၊ ဆွမ်းဦးပုညရှင်ဘုရားနှင့် ဥမင်သုံးဆယ်ဘုရားတို့ ပြိုလဲနေသည့် စေတီ၊ ဘုရား၊ ကျောင်းကန်တို့အတွက် ပြုပြင်နိုင်ရန် လိုက်ပါလာသူတို့က အလှူငွေများ အသီးသီးပေးလှူခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**
**(ဝ၄၉)**



# မဟာဗောဓိ မြတ်သည့်ပရမေ သွန်းညောင်ရေ



ကဆုန်လသည် မြန်မာတို့၏ တစ်နှစ်တာကာလ တစ်ဆယ့်နှစ်လတွင် ဒုတိယမြောက်လဖြစ်သည်။ ထိုလသည် ထူးခြားချက်ပေါင်းများစွာ၊ တလေးတစား အရေးထား၍ ဂါရဝပြုရမည့် သမိုင်းဝင်နေ့ရက်ပေါင်းများစွာ စုစည်းကာတွေ့ရှိရသည့်လဟုဆိုက မမှားနိုင်ပေ။ ထို့ကြောင့်လည်း ထိုလတွင် ပျော်ရွှင်ကြည်မွေ့စရာ ဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေးပွဲသဘင်များနှင့် ခမ်းနားစွာ ခြိမ့်ခြိမ့်သဲသဲ ဆင်နွှဲကြသည်။

ကဆုန်လ၏ လပြည့်နေ့သည် 'ဗျာဒိတ်ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နန်းဗိမာန်' ဆိုသောလင်္ကာအရ ယခင်က ဘုရားလောင်းတော်သည် သုမေဓာရှင်ရသေ့ဘဝဖြင့် ဒီပင်္ကရာမြတ်ဘုရားထံ နိယတဗျာဒိတ်ပန်းဆင်မြန်းခဲ့သည့်နေ့သည် ကဆုန်လပြည့်နေ့ဖြစ်ခြင်း။ ယခုကာလ မဟာသက္ကရာဇ် ၆၈ ခုနှစ်တွင် လုမ္ဗိနီသာမောအင်ကြင်းတော၌ ဗုဒ္ဓမြတ်စွာလောင်းလျာ သိဒ္ဓတ္ထမင်းသားကို ဖွားမြင်တော်မူသည့်နေ့သည် ကဆုန်လပြည့်နေ့ဖြစ်ခြင်း။ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်တွင် သစ္စာလေးပါးမြတ်တရားကို ပိုင်ခြားထင်ထင် သိမြင်နိုင်သည့် အရိယာမဂ်၊ သမ္မာသမ္ဗောဓိဉာဏ်၊ သဗ္ဗညုတဉာဏ် စသည်တို့ကို ရရှိတော်မူ၍ ဗုဒ္ဓစင်စစ်ဖြစ်တော်မူသောနေ့သည် ကဆုန်လပြည့်နေ့ဖြစ်ခြင်း။ မြတ်ဗုဒ္ဓဘုရားရှင်သည် သက်တော်ရှစ်ဆယ်၊ ဝါတော်လေးဆယ့်ငါးဝါအရ မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ကဆုန်လပြည့်နေ့တွင် ကုသိနာရုံပြည် မလ္လမင်းတို့၏ဥယျာဉ်တော်၌ ပရိနိဗ္ဗာန် စံဝင်သောနေ့သည်လည်း ကဆုန်လပြည့်နေ့ဖြစ်ခြင်း စသည်တို့ကြောင့် နေ့ထူးနေ့မြတ်များ စုဝေးနေသည့်လဟု ဆိုရခြင်းဖြစ်သည်။

ဤနေရာတွင် ဂေါတမဗုဒ္ဓဘုရားရှင်သည် ဖွားဖက်တော်ဖြစ်သော ညောင်ဗုဒ္ဓဟေ(ညောင်နီပင်)၏ အရင်း၌ အရိယာမဂ်၊ သမ္မာသမ္ဗောဓိဉာဏ်၊ သဗ္ဗညုတဉာဏ်တော်မြတ်ကို ရရှိတော်မူပြီး သုံးလောကထွတ်ထား သဗ္ဗညုဗုဒ္ဓအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ ဤသည်ကို အကြောင်းပြု၍ ညောင်ပင်သည် 'ဗောဓိပင်' ဖြစ်ခဲ့ရသည်။ ထိုသည့် နည်းတူ ဤဘဒ္ဒကမ္ဘာတွင်ပွင့်တော်မူကြသော ရှေးရှေးဘုရားရှင်များဖြစ်သည့် ကကုသန်ဘုရားရှင်၏ ဗောဓိပင်သည် (ကုက္ကိုပင်)၊ ကောဏာဂုံ ဘုရားရှင်၏ ဗောဓိပင်သည်(ရေသဖန်းပင်)၊ ကဿပဘုရားရှင်၏ ဗောဓိပင်သည်(ပညောင်ပင်)တို့ ဖြစ်ကြသည်။ ဗောဓိဟူသောပါဠိသည် သိမြင်တော်မူခြင်း၊ သိမြင်တော်မူရာဟူသော အဓိပ္ပာယ်ကိုဆောင်သည်။ ပါဠိဘာသာတွင် ဗောဓိဆိုရာ၌ အရိယာမဂ်၊ သစ္စာလေးပါးတရားကို သိမြင်တတ်သောကြောင့် 'ဗောဓိ'မည်၏။ သိသင့်အပ်စွာ ဉေယျဓမ္မတို့ကို သိမြင်နိုင်သော သဗ္ဗညုတဉာဏ်တော်ကိုလည်း 'ဗောဓိ'မည်၏။ မြတ်စွာဗုဒ္ဓပွင့်တော်မူရာ သစ်ပင်ကိုသစ္စာအမှန်တရားသိရာ နေရာဖြစ်သဖြင့်လည်း ထိုသစ်ပင်သည် 'ဗောဓိ'မည်၏ဟု အနက်သုံးမျိုးရှိကြောင်း ဆရာအဆူဆူ ဖွင့်ဆိုတော်မူကြသည်။ တစ်နည်းဆိုရသော် ဘုရားရှင်တို့၏ ကိလေသာအပေါင်းကိုအောင်ရာ အောင်မြေဟု ဆိုရပေမည်။ ထို့ကြောင့် ဘုရားရှင်တို့ သစ္စာလေးပါးတရားတို့ကို သိမြင်တော်မူရာ၊ ဉေယျခံတရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူရာ သစ်ပင်သည် ထိုဘုရားရှင်၏သာသနာတွင် ဗောဓိပင်ဟူသော အမည် ထူးကိုရရှိလေသည်။

လရာသီနှင့်ပတ်သက်၍ အနည်းငယ်မျှဆိုရပါမူ ကဆုန်လပြိဿရာသီတွင် ဖိုးသူတော်ဦးမင်းက 'စကားဝါငုံသင်းလို့၊ ကြယ်မင်းတဲ့ ဝိသာခါ၊ တိမ်ဖွေမှာ ရောင်ခြည်ရွှန်း ထွန်းတဲ့ချိန်ခါ'ဟု ဆိုထားပေရာ ကဆုန်လတွင် စံကားဝါပန်းများ ဖူးပွင့်ကြသည်။ 'တန်ခူး-မိဿစိတြ၊ ကဆုန်-ပြိဿ ဝိသာခါ၊ နယုန်-မေထုန် ဇေဋ္ဌကြံ့' ဆိုစကားအရ ဝိသာခါနက္ခတ်နှင့် စန်းယှဉ်သည်။ တာရာမှာ တံငါတာရာဖြစ်သည်။ ရာသီရုပ်မှာ 'နွားလားရုပ်'ဖြစ်သည်။ ကြယ်လုံးရေတွက်ရာတွင် 'တစ်ဆယ်ဆိတ်မင်း၊ နွားမင်းဆယ့်ခွန်'ဟု ဆိုထားသဖြင့် ကြယ်လုံးရေ ၁၇ရှိသည်။ စာဆိုဦးယာ၏ ကဆုန်လဘွဲ့တွင် 'နာရီနေ့ဝယ် သုံးဆယ်ကကျော် နှစ်ခုပေါ်လျက်၊ ညဥ့်သော် နှစ်ဆယ်ရှစ်ခုကယ်၏'နေ့နာရီ ၃၂နာရီ၊ ညနာရီ ၂၈နာရီဖြစ်၍ နေ့တာရှည်သည်။ နေထွက်ချိန်သည် နံနက် ၅နာရီ ၃၆မိနစ် ဖြစ်၍၊ နေဝင်ချိန်မှာ ညနေ ၆နာရီ ၂၄မိနစ် ဖြစ်သည်။

ကဆုန်လဆိုသည်မှာ မြန်မာဘာသာ၌ 'ကု'သို့မဟုတ် 'က' သည် 'ရေ' ကို ပြောသည်။ 'စုန်' သို့မဟုတ် 'ဆုန်' သည် သွန်းလောင်းခြင်းကိုပြောသည်။ ထို့ကြောင့် ကဆုန်လသည် ရေသွန်းလောင်း သောလဟုဆိုကြောင်း ဆရာကြီးဦးဖိုးလတ်က မိန့်ခဲ့ဖူးသည်။ လှေသင်းအတွင်းဝန်မင်း၏ ဝေါဟာရလီနတ္ထဒီပနီကျမ်း၌ 'ကံဥဒကံဆိန္စတီတိ ကဆိန်'ဟု ပြဆိုထားပေရာ၊ ရေကိုဖြတ်တောက်တတ်သည့်လမြစ်၊ ချောင်း၊ အင်း၊ အိုင်တို့၌ ရေအားနည်း၍ ရေများပြတ်တောက်တတ်သည်။ ရေများခန်း ခြောက်တတ်သည်။ ထိုသို့ရာသီဥတု၏ သဘောသဘာဝကြောင့် ဗုဒ္ဓကိုယ်စား ကိုးကွယ်စရာ သစ္စာလေးပါးမြတ်တရားကို သိမြင်တော်မူရာ မြတ်ဗုဒ္ဓ၏ သေနာသနကျောင်းဖြစ်ခဲ့ဖူးသည့် ဗောဓိပင်အား ညှိုးနွမ်းခြောက်သွေ့မသွားစေရေး ရေသွန်းလောင်းကြသည်။

အဓိကပြောလိုသည်မှာ ဗောဓိပင်၌ အောင်ညောင်ရေလောင်းခြင်းဆိုရာဝယ် မြတ်ဗုဒ္ဓဘုရားရှင် သစ္စာလေးပါးသိမြင်တော်မူရာ သေနာသန ဗောဓိကျောင်းတော်မို့ စေတီလေးဆူတွင် ပရိဘောဂစေတီ ဖြစ်ပေသည်။ ထိုပရိဘောဂစေတီတော်မြတ်သည် ရှိခိုးပူဇော်ခြင်းငှာ ထိုက်တန်ပေသည်။ ထို့ကြောင့်လည်း ကြီးမြတ်သောဂုဏ်ရှိသည်ဖြစ်၍ 'မဟာဗောဓိ'ဟု ခေါ်ဆိုကြသည်။ မြတ်ဗုဒ္ဓနှင့် မဟာဗောဓိပင်သည် ခွဲခြား၍ မရနိုင်ပါ။ ဘုရားရှင်၏ သင်္ကေတဖြစ်သည်။ မဟာဗောဓိပင်သည် မြတ်ဗုဒ္ဓရှိနေသည့် အလား 'ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ'ဟုဆိုသော မြတ်ဗုဒ္ဓ၏ သာသနာတော်မြတ်ကြီး အခွန့်ရှည်ကြာတည်တံ့စေလိုသောသဘော ရည်ရွယ်ချက်ကောင်းမွန်စွာ မြတ်ဘုရား၏ ဂုဏ်တော်အနန္တကို အာရုံပြုလျက် အောင်ညောင်ရေသွန်းလောင်း၍ သာသနာတော်မြတ်ကြီး ရှင်သန်စေရေး စောင့်ရှောက်ခဲ့ခြင်း ဖြစ်ပေသည်။

ဗုဒ္ဓဘုရားရှင်သက်တော်ထင်ရှားရှိနေစဉ် ဘုရားရှင်အားဖူးမြော်လိုကြသည့် တပည့်သာဝကများသည် ဘုရားရှင် သီတင်းသုံးတော်မူရာ ဇေတဝန်ကျောင်းတော်သို့ လာရောက်သည့်အခါ တစ်ခါတလေမှာ ဘုရားရှင်ဒေသစာရီ ကြွချီတော်မူခိုက်နှင့်ကြုံတွေ့ကြရသဖြင့် မဖူးမြော်ကြရပေ။ ထိုအကြောင်းကို ညီတော်အာနန္ဒာလျှောက်ထားသဖြင့် မြတ်ဗုဒ္ဓမရှိခိုက် မြတ်ဗုဒ္ဓ၏ကိုယ်စား ဖူးမြော်နိုင်ကြစေရန် မူလဗောဓိပင်မှ မျိုးစေ့ကိုဆောင်ယူစေလျက် စိုက်ပျိုးစေပြီး၊ ဘုရားရှင်၏ တန်ခိုးတော်ကြောင့် ရုတ်ခြည်းကြီးပြင်းလာကာ ထိုညောင်ပင်အောက်၌ တစ်ညတာ နိရောသမာပတ်ဝင်စားတော်မူ၍ ဗုဒ္ဓကိုယ်ပွားထားရှိတော်မူပါသည်။ ဗောဓိပင်ကို ပူဇော်ခြင်းနှင့်ပတ်သက်၍ ဗောဓိပင်သည် ပရိဘောဂစေတီထိုက်ကြောင်း ဥဒ္ဒကပါဠအဋ္ဌကထာ နိမိတတဏ္ဍုသုတ်အဖွင့်၌ ဆိုထားသည်။ ဗုဒ္ဓကိုယ်စား ပူဇော်သင့်ကြောင်းကိုလည်း တေရသကနိပါတ်တော်လာ ကာလိင်္ဂဗောဓိဇာတ်၌ ပြဆိုထားသည်။ ထို့ကြောင့် မဟာဗောဓိပင်အား မင်းနှင့်တကွ သူဌေး၊ သူကြွယ်၊ ကုန်သည်၊ လယ်လုပ်တို့သည် ပန်း၊ အမွှေးနံ့သာ၊ ဆီမီးတို့ဖြင့် ဘုရားရှင်ကိုယ်တော်အလား ပူဇော်ခဲ့ကြသည်။ အပူရှိန်ပြင်းသည့် ကဆုန်လသို့ ရောက်သောအခါ ရေသွန်းပူဇော်ကြသည့် အစဉ်အလာများရှိခဲ့သည်။

'အသနဗောဓိယ'မထေရ်လောင်းလျာသည် တိဿဘုရားရှင်၏ ဗောဓိပင်ကို စိုက်ပျိုးပူဇော်ရသောကုသိုလ်ကြောင့် အပါယ်ဘေးမှ လွတ်ကင်းကာ နတ်တို့ပြည်၌ ဖြစ်ရခြင်း၊ စကြာမင်းဖြစ်ရခြင်း၊ နောက်ဆုံးဘဝ နိဗ္ဗာန်ဓာတ်ရခြင်း စသည့်ကောင်းကျိုးများ ခံစားရရှိပါသည်။ ထို့အတူ 'ဂန္ဓောဒကတိဿ'မထေရ် လောင်းလျာသည် ပဒုမုတ္တရာဘုရားရှင်၏ ဗောဓိပင်ကို နံ့သာရေတို့ဖြင့် သွန်းလောင်းပူဇော်ရသော ကောင်းမှုကုသိုလ်ကြောင့် နတ်ပြည်၌ဖြစ်ရခြင်း၊ အနာရောဂါကင်းရခြင်း၊ သောကကင်းဝေးရခြင်း၊ နိဗ္ဗာန်ဓာတ်ဆိုက်ကပ်ရခြင်း စသည့် ကောင်းကျိုးများစွာ ရရှိပါသည်။

မြန်မာနိုင်ငံ၌ ကဆုန်ညောင်ရေသွန်းပွဲတော် ကျင်းပသည့် ဓလေ့သည် မြန်မာသက္ကရာဇ် ၅၃၆ ခုနှစ်က ပုဂံပြည်အလောင်းစည်သူမင်း၏မြေးတော် နရပတိစည်သူလက်ထက်၌ အရှင်ကဿပမထေရ်သည် သီဟိုဠ်မှအပြန် မဟာဗောဓိညောင်စေ့ကို စိုက်ပျိုးတော်မူ၍ ဘုရားရှင်ကိုယ်စား ကိုးကွယ်တော်မူခဲ့သည်။ မြန်မာသက္ကရာဇ် ၆၈၄ ခုနှစ်တွင်လည်း ပင်းယမြို့၌မင်းပြုသော 'ဥဇနာ'မင်းသည် နရပတိစည်သူမင်း စိုက်ပျိုးခဲ့သော ဗောဓိညောင်အပွားများကို ယူဆောင်ကာ ပင်ကြားအရပ်၌ 'ဓမ္မုက'မည်သော စံကားကျောင်းတော်ဝင်းအတွင်း၌ စိုက်ပျိုးပူဇော်ခဲ့သည်။ ကဆုန်လရောက်တိုင်းလည်း ညောင်ရေသွန်းပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။ အင်းဝခေတ်၊ ညောင်ရမ်းခေတ်၊ အမရပူရခေတ်၊ ရတနာပုံခေတ်တို့၌လည်း ကဆုန်ညောင်ရေသွန်းပွဲတော်ကို မြန်မာ့ယဉ်ကျေးမှုအမွေအဖြစ် လက်ဆင့်ကမ်းသွန်းလောင်း ပူဇော်ခဲ့ကြသည်။

ညောင်ရေသွန်းပွဲတော်သည် ကဆုန်လ၏ ရာသီပွဲတော် သာမကဘာသာရေးပွဲတော်လည်း ဖြစ်သည်။ မဟာဗောဓိပင်သည် 'သာသနာတော်အစ မဟာဗောဓိပင်က'ဟုပြောရမလောက်ပင် ဂုဏ်ဒြပ်ကြီးမားသည်။ ဘုရားရှင်ကိုယ်စား ပူဇော်သည့်ပွဲတော်ဖြစ်သဖြင့် လွန်စွာမှ အလေးထားရသည်။ ပေါ့ပေါ့တန်တန်ဆောင်ရွက်၍ မရပေ။ ညောင်ရေသွန်းလောင်းမှုမပြုသေးခင် ညောင်ရေသွန်းလောင်းမည့်သူများသည် ဗောဓိပင်အနီး၌ ဆရာတော်၊ သံဃာတော်များထံမှ အနည်းဆုံး ငါးပါးသီလခံယူရသည်။ ဆရာတော်၊ သံဃာတော်များမှ ရွတ်ဖတ်သရဇ္ဈာယ်သော အနေကဇာနှင့် အောင်ဂါထာတို့ကို နာယူကြရသည်။ ထို့နောက် သီလနှင့်လည်းပြည့်စုံ၊ တရားဓမ္မတော်များလည်း ရင်မှာကိန်းနေသည့်အချိန် ဗောဓိပင်အားဝန်းရံလျက် အမွှေးနံ့သာတို့ဖြင့် ယဉ်ကျေးသိမ်မွေ့စွာ သွန်းလောင်းကြရသည်။ ထိုသို့ ဗုဒ္ဓဘုရားရှင်ကိုယ်ပွား မဟာဗောဓိပင်အား ရိုသေစွာ ရေသွန်းလောင်းပူဇော်ခြင်းဖြင့် ညောင်ရေသွန်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့ကြသည်။

အချုပ်အားဖြင့်ဆိုရလျှင် ဗုဒ္ဓဘာသာဝင်တို့၏ အထူးမြတ်ဆုံးနေ့ဖြစ်သည့် ကဆုန်လပြည့်နေ့တွင် နှစ်စဉ်ကျင်းပပူဇော်နေသောပွဲတော်သည် ကဆုန်ညောင်ရေသွန်းပွဲတော်ဖြစ်သည်။ ထိုပွဲတော်သည် ဘာသာရေး၊ သာသနာရေးနှင့်လည်းဆက်နွှယ်နေသည့် မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့အစဉ်အလာ တစ်ရပ်ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်နောင်လာမျိုးဆက်သစ်လူငယ်များကို ကဆုန်ညောင်ရေသွန်းရခြင်း၏အကြောင်း အနှစ်သာရနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေ အနှစ်ကို ထိန်းသိမ်းတတ်အောင်၊ မြန်မာပီပီ ယဉ်ကျေးသိမ်မွေ့စွာ ဆောင်ရွက်တတ်အောင်၊ ဘာသာတရား၏ လေးနက်ခိုင်မာသည့် အယူဝါဒဖြစ်စဉ်ဓမ္မကို လက်ဆင့်ကမ်းအမွေပေးသင့်ပါကြောင်း စေတနာကောင်းဖြင့် ရေးသားလိုက်ရပါသည်။

**မန်းမြေမှ ပန်းသပြေ**

## ငလျင်ဘေးသင့်ပြည်သူများအား မေးခိုင်နှင့် ဆုံဆို့နာကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေး

**မန္တလေး မေ ၁၂**

ငလျင်ဘေးသင့်ပြည်သူများ နေထိုင်လျက်ရှိသော ချမ်းအေးသာစံမြို့နယ် ဗထူးမိုးလုံလေလုံ အားကစားကွင်းရှိ ယာယီကယ်ဆယ်ရေးစခန်း၌ မေ ၁၁ ရက် နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ထမ်းများက ငလျင်ဘေးသင့်ပြည်သူများကို မေးခိုင်နှင့် ဆုံဆို့နာကာကွယ်ဆေးကို ဒုတိယအကြိမ် ထိုးနှံပေးခဲ့ပြီး ကျန်းမာရေးအသိပညာပေးခြင်း ပြုလုပ်ခဲ့ကြောင်း ချမ်းအေးသာစံမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ သိရသည်။



မန္တလေး မြို့နယ်(၆)မြို့နယ်အတွင်းရှိ ငလျင်ဘေးသင့်ယာယီကယ်ဆယ်ရေးစခန်းများမှာ နေထိုင်လျက်ရှိသော ပြည်သူများကို မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ကျန်းမာရေးဝန်ထမ်းများက မေးခိုင်နှင့် ဆုံဆို့နာကာကွယ်ဆေးထိုးနှံပေးခြင်း၊ OCV ဆေးတိုက်ကျွေးခြင်း၊ ကျန်းမာရေး အသိပညာပေးခြင်း လုပ်ငန်းများကို သတ်မှတ်ရက်အတိုင်း လုပ်ဆောင်လျက်ရှိသည်ဟု သိရသည်။

အဆိုပါ ယာယီကယ်ဆယ်ရေးစခန်းရှိ ပြည်သူများအား ရေမှတစ်ဆင့် ကူးစက်ရောဂါများ မဖြစ်ပွားစေရန်အတွက် ရေသန့်ဆေးပြားများခတ်ခြင်း၊ သုံးရေကလိုရင်းဆေးခပ်ခြင်း၊ အိမ်သာများ ကလိုရင်းဆေးဖြန်းခြင်း၊ ကြွက်နှင့်ပိုးမွှားများ နှိမ်နင်းခြင်းလုပ်ငန်းများကိုလည်း မြို့နယ်အလိုက် သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများမှ နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် ငလျင်ဘေးသင့်ပြည်သူများ ထိခိုက်ဒဏ်ရာရ၊ ဖျားနာပါက ကုသပေးရန်အတွက် ဗထူးမိုးလုံလေလုံအားကစားခန်းမ၌ မန္တလေးဆေးရုံကြီးမှ ဆရာဝန်ကြီးများနှင့် ကျန်းမာရေးအဖွဲ့တို့က နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ အခမဲ့ကုသပေးလျက်ရှိသည်ဟု သိရသည်။

(အပေါ်ဝဲပုံ)

မန္တလေးနေ့စဉ်-၅

## ပလတ်စတစ် သုံးစွဲမှုလျှော့ချရေး အင်ပက်များ အခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်



**သရက် မေ ၁၂**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် လျှော့နည်းသုံးစွဲစေရန်ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း Campaign နှင့် အင်ဖက်များ အခမဲ့ ဖြန့်ဝေခြင်းကို ယနေ့ နံနက် ၈ နာရီက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဝန်ထမ်းများ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေကာ ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ် အသုံးပြုမှုလျှော့ချရေး အသိပညာပေး ပြောကြားပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)ဇော်ထက်(သရက်)

## မြန်မာနိုင်ငံ ဂီတအစည်းအရုံး မန္တလေးတိုင်းဒေသကြီးမှ ငလျင်ဒဏ် ခံစားနေရသော ဂီတအနုပညာရှင်များအား ထောက်ပံ့ပေးအပ်

**မန္တလေး မေ ၁၂**

မန္တလေးမြို့တွင် ငလျင်ဒဏ်ကြောင့် အိမ်ပြိုအိမ်ပျက်ခဲ့ရသော မန္တလေးဂီတအနုပညာရှင်များ၊ ညပိုင်းအနုပညာလုပ်ကိုင်နေသော အနုပညာရှင်များ၊ သက်ကြီးဂီတအနုပညာရှင်များအား မြန်မာနိုင်ငံ ဂီတအစည်းအရုံး မန္တလေးတိုင်းဒေသကြီးမှ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ဂီတအစည်းအရုံး တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ချိုထံမှ သိရသည်။



အဆိုပါထောက်ပံ့ငွေများ ထောက်ပံ့မှုတွင် ငလျင်ဒဏ်ကြောင့် အိမ်ပြိုအိမ်ပျက်ခဲ့ရသော မန္တလေးဂီတအနုပညာရှင်များအား တစ်အိမ်ထောင်လျှင် ငွေကျပ် နှစ်သိန်းနှုန်းဖြင့် အိမ်ထောင်စု ၁၆၆၊ ညပိုင်း အနုပညာလုပ်ကိုင်နေသော အနုပညာရှင်များအား တစ်အိမ်ထောင်လျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် အိမ်ထောင်စု ၈၀၊ သက်ကြီးဂီတအနုပညာရှင်တစ်ဦးလျှင် ငွေကျပ် နှစ်သိန်းနှုန်းဖြင့် ငါးဦးတို့အား ထောက်ပံ့ကူညီပေးအပ်ခဲ့သည့်အပြင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့အား ငလျင်ဒဏ်သင့်ပြည်သူများအတွက် ငွေကျပ်သိန်း ၁၀၀ လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)(၀၇၀)

## ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါ(Ora Vacs) ကာကွယ်ဆေးများ ကွင်းဆင်းထိုးနှံပေး

**စဉ့်ကိုင် မေ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများသည် စဉ့်ကိုင်မြို့ပေါ်(၅)ရပ်ကွက်အတွင်းရှိ အသက်(၆)နှစ်နှင့်အထက် ပြည်သူများ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ (Ora Vacs)ကြိုတင်ကာကွယ်နိုင်ရေး ကာကွယ်ဆေးထိုးနှံပေးခြင်း လုပ်ငန်းကို မေ ၉ ရက် နံနက်ပိုင်းက ရပ်ကွက်အလိုက် စုရပ်နေရာအသီးသီး၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများက မြို့ပေါ်(၅)ရပ်ကွက်ရှိ အသက်(၆)နှစ်နှင့်အထက် ပြည်သူ ၂၃၀ ဦးအား ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ(Ora Vacs) ကာကွယ်ဆေး(ပထမအကြိမ်) တိုက်ကျွေးထိုးနှံပေးခဲ့ရာ ရပ်ကွက်အလိုက် အုပ်ချုပ်ရေးမှူးများက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

(၃၉၉)

**မီးကို ကြိုတင်ကာကွယ်ခြင်းဖြင့် အနိုင်ယူပါ။**

## တစ်ပိုင်တစ်နိုင် သိုး ၊ နွား ၊ ဆိတ် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ကြသူများ အောင်မြင်ဖြစ်ထွန်း၍ လုပ်ငန်းအဆင်ပြေ

**ပွင့်ဖြူ မေ ၁၂**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် စိုက်ပျိုးရေးလုပ်ငန်းနှင့်တွဲဖက်၍ မိသားစုဝင်ငွေ တိုးပွားရေးအတွက် တစ်ပိုင်တစ်နိုင် သိုး၊ နွား၊ ဆိတ် မွေးမြူရေးလုပ်ငန်းကိုလည်း မွေးမြူလုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ အောင်မြင်ဖြစ်ထွန်းမှုရှိပြီး ရောင်းချရာတွင်လည်း ဈေးကောင်းရရှိ၍ လုပ်ငန်းအဆင်ပြေလျက်ရှိနေကြကြောင်း ပွင့်ဖြူမြို့နယ်အတွင်းရှိ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ကြသူများထံမှ သိရသည်။

အဆိုပါ တစ်ပိုင်တစ်နိုင် သိုး၊ နွား၊ ဆိတ် မွေးမြူရေးလုပ်ငန်းသည် လွှတ်ကျောင်းစနစ်ဖြင့် မွေးမြူနိုင်သည့်အတွက် အစာဖိုးကုန်ကျစရိတ်သက်သာပြီး မွေးမြူရာတွင် ခြံဝင်းများခတ်၍ စနစ်တကျ မွေးမြူနိုင်သဖြင့် မွေးမြူလုပ်ကိုင်ကြသူများ အဆင်ပြေလျက်ရှိသည်။ ထိုသို့ မွေးမြူရာတွင် သိုး၊ ဆိတ်များသည် တစ်နှစ်လျှင် အနည်းဆုံး သားပေါက်နှစ်ကောင်နှုန်း ပေါက်ဖွားလေ့ရှိပြီး အကျိုးပေးပါက သားပေါက်လေးကောင်အထိ ပေါက်ဖွားလေ့ရှိကြောင်း၊ နွားမွေးမြူရေးမှာ တစ်နှစ်လျှင် သားပေါက်တစ်ကောင်သာ ပေါက်ဖွားကာ အကျိုးပေးပါက နှစ်ကောင်ထက်မနည်း သားပေါက်လေ့ရှိသည်။ ယခုလက်ရှိတွင် ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက် စသည့် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းသည် ဈေးကောင်းရရှိပြီး အရောင်းအဝယ်ကောင်းမွန်နေကာ မွေးမြူလုပ်ကိုင်ကြသူများအတွက် တစ်ဖက်တစ်လမ်းမှ မိသားစုအပိုဝင်ငွေရရှိသဖြင့် လုပ်ငန်းအဆင်ပြေလျက်ရှိသည်။

"ကျွန်တော်တို့ဒေသမှာ တောင်သူအများစုက စိုက်ပျိုးရေးလုပ်ငန်းနဲ့ တွဲဖက်ပြီး မိသားစုဝင်ငွေတိုးပွားရေးအတွက် တစ်ပိုင်တစ်နိုင် သိုး၊ နွား၊ ဆိတ် မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ကြပါတယ်။ သိုး၊ နွား၊ ဆိတ် မွေးမြူရေးလုပ်ငန်းက လွှတ်ကျောင်းစနစ်နဲ့ မွေးမြူလုပ်ကိုင်နိုင်တဲ့အတွက် အစာဖိုးကုန်ကျစရိတ်သက်သာလို့ အဆင်ပြေတယ်ဗျ။ သိုး၊ ဆိတ် မွေးမြူရေးလုပ်ငန်းကတော့ တစ်နှစ်ကို အနည်းဆုံး သားပေါက်ငယ် နှစ်သားနဲ့ တစ်ဗိုက်မွေးမြူလေ့ရှိပါတယ်။ အကျိုးပေးပါက သားပေါက် လေးကောင်အထိ ပေါက်ဖွားပါတယ်။ နွားမွေးမြူရေးက တစ်နှစ်ကို သားပေါက် တစ်ကောင်သာ ပေါက်ဖွားပြီး အကျိုးပေးမှသာ နှစ်ကောင်ထက်မနည်း သားပေါက်ပါတယ်။ မွေးမြူရေးလုပ်ငန်းနဲ့ ပတ်သက်ပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကလည်း ကျွန်တော်တို့လို တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ကြတဲ့သူတွေကို အောင်မြင်ဖြစ်ထွန်းမှုရှိစေဖို့နဲ့ စနစ်တကျ မွေးမြူလုပ်ကိုင်တတ်စေဖို့အတွက် လိုအပ်တဲ့ အခြေခံတိရစ္ဆာန်မွေးမြူရေးဆိုင်ရာနည်းပညာတွေကို ပံ့ပိုးကူညီဆောင်ရွက်ပေးပါတယ်။ လက်ရှိမှာ သိုး၊ နွား၊ ဆိတ်မွေးမြူရေးလုပ်ငန်းက ဈေးကောင်းရရှိပြီး အရောင်းအဝယ်ကောင်းနေလို့ မိသားစုစားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းက ဝင်ငွေရရှိလို့ လုပ်ငန်းအဆင်ပြေပါတယ်" ဟု ပွင့်ဖြူမြို့နယ်၊ ရေပုတ်ကြီးကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက ပြောပြသည်။ (ဝဲပုံ)



(၄၄၅)

# စိတ်လူမှုဆိုင်ရာ ပံ့ပိုးခြင်းနှင့် ကလေးပျော်နေရာများ ဖန်တီးပေးခြင်း (Child Friendly Space) လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မေ ၁၂**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း မန္တလေး ငလျင်ကြီးသက်ရောက်မှုကြောင့် လူသေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှုများ၊ နေအိမ်များပြိုလဲပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရာ လူမှုဝန်ထမ်း ဦးစီးဌာနမှ စိတ်လူမှုဆိုင်ရာပံ့ပိုးခြင်းလုပ်ငန်းများနှင့် ကလေးပျော်နေရာများဖန်တီးပေးခြင်း(Child Friendly Space) လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ မေ ၆ ရက်က နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ စည်ပင်ဧည့်ရိပ်သာတွင် ဆောင်ရွက်ခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွဲ့စည်းထားသော ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် နေပြည်တော် လူမှုဝန်ထမ်းဦးစီးဌာနရုံးမှ ဝန်ထမ်းများနှင့် ပူးပေါင်းအဖွဲ့များက စည်ပင်ဧည့်ရိပ်သာတွင် နေထိုင်လျက်ရှိသည့် ငလျင်ဘေးဒဏ်ခံစားခဲ့ရသည့် ပြည်သူများအား စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးနိုင်ရန်အတွက် စိတ်လူမှုဆိုင်ရာပံ့ပိုးခြင်းနှင့် ကလေးပျော်နေရာများဖန်တီးပေးခြင်း(Child Friendly Space) လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**အောင်ကို(ပြန်/ဆက်)**

# မြန်မာ့အာမခံလုပ်ငန်းမှ မီးနှင့် မြေငလျင်ဘေးဒဏ်အကာအကွယ်ဖြင့် အာမခံထားရှိသူများအား အမြန်ဆုံးလျော်ကြေးငွေ ပေးအပ်

**မန္တလေး မေ ၁၂**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့အာမခံလုပ်ငန်းတွင် မီး နှင့် မြေငလျင်ဘေးဒဏ်အကာအကွယ်ဖြင့် အာမခံထားရှိခဲ့သော အစိုးရဌာနများ၊ လုပ်ငန်းရှင်များနှင့်ပြည်သူများပိုင် အဆောက်အအုံ၊ စက်ပစ္စည်းနှင့် ကုန်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုများကို စိစစ်တွက်ချက်၍ အမြန်ဆုံးလျော်ကြေးငွေများ ပေးအပ်လျက်ရှိသည်။ မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေး မြေငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးမှုများအား နီးစပ်ရာ မြန်မာ့အာမခံလုပ်ငန်းရုံးခွဲများသို့ ဆက်သွယ်၍ လျော်ကြေးတောင်းခံစာများ ပေးပို့ကြရန် အသိပေးထားသည်။




မန္တလေးမြေငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော နေပြည်တော်၊ မန္တလေး၊ စစ်ကိုင်းမြို့များရှိ ငလျင်ဘေးအပါအဝင် မီးအာမခံထားရှိခဲ့သော ပြည်သူများအား မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဆောင်သောအဖွဲ့မှ သွားရောက်ခဲ့ပြီး လျော်ကြေးငွေများ ပေးအပ်ခဲ့သည်။ အလားတူ မန္တလေးမြေငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးခဲ့သော မဟာအောင်မြေမြို့နယ်၊ ၈၄ လမ်း၊ ၃၈ လမ်းနှင့် ၃၉လမ်းကြားရှိ ကောင်းဇော်ဟိန်းကုမ္ပဏီလီမိတက် ပိုင်ဆိုင်သော စက်သုံးဆီအရောင်းဆိုင် အဆောက်အအုံနှင့် စက်ပစ္စည်းများ ပြိုကျပျက်စီးမှုအတွက် လျော်ကြေးငွေကျပ် ၁၀၅ ဒသမ ၄၅၁ သန်းအား ပေးအပ်ခဲ့သည်။

မြန်မာ့အာမခံလုပ်ငန်းအနေဖြင့် ပြည်သူများမှ ယုံကြည်စွာ အာမခံထားရှိမှုအပေါ် အလေးထား၍ လျော်ကြေးများ အချိန်မဆိုင်းဘဲ ပေးလျော်လျက်ရှိကြောင်း သိရသည်။ (အပေါ်ဝဲပုံ)(၀၄၅)

# ဟင်းသီးဟင်းရွက်များ လှိုင်လှိုင်ပေါ်၊ ဒေသခံများ ဝင်ငွေရ

**မကွေး မေ ၁၂**

အညာဒေသထွက် သမုန်းပွင့်၊ သရက်ချဉ်၊ မန်ကျည်းဖူး၊ ခံတက်ချဉ်၊ မန်ကျည်းရွက်၊ ဂုံရွက်၊ ပိတ်ဆွယ်ချဉ်၊ ပဲရွက် စသည့် ဟင်းသီးဟင်းရွက်များ လှိုင်လှိုင်ပေါ်နေပြီဖြစ်ရာ ဒေသခံများ ဝင်ငွေရနေကြောင်း မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်က ဒေသခံ ရောင်းချသူများထံမှ သိရသည်။

မန်ကျည်းဖူးကို ပုစွန်ခြောက်၊ မြေပဲဆန်၊ နှမ်းကြော်တို့ဖြင့် ထောင်း၍လည်းကောင်း၊ ကြော်ချက်၍လည်းကောင်း စားသုံးကြသည့်အပြင် ပိတ်ဆွယ်ချဉ်ကို အညာလက်ဆောင်အဖြစ် ရန်ကုန်နှင့် နယ်သို့ သွားရောက်နေထိုင်သူအချို့ကို တင်ပို့ကာ ဒေသ တွင်း၌ ပိတ်ဆွယ်ချဉ်ကို ကြော်၊ ချက်စားသုံးကြကြောင်း၊ ဂုံရွက်မှာ အလေ့ကျအပင်ဖြစ်ပြီး ဆေးဖက်ဝင်ဖြစ်သည့်အပြင် တစ်နေ့လုံးရှာမှ ဂုံရွက်တစ်ပိဿာရရန် မလွယ်ကြောင်း ရာသီစာ အပွင့်၊ အရွက်၊ အသီးများ ရောင်းချသူများထံမှ သိရသည်။



ရာသီစာ ဟင်းသီးဟင်းရွက်များကို ရေနံချောင်းမြို့မဈေးနှင့် ရပ်ကွက်များအတွင်း ရောင်းချလျက်ရှိပြီး ဒေသခံများ ဝင်ငွေရရှိနေကြောင်း သိရသည်။ (ဝဲပုံ)(၄၇၂)



# အသက်(၈၅)နှစ်အထက် အဘိုး၊ အဘွားများနှင့် အငြိမ်းစားဝန်ထမ်းများအား အခမဲ့ဆေးကုသပေး

**ကံမ မေ ၁၂**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့၊ ပြည်သူ့ဆေးရုံ၌ အသက်(၈၅)နှစ်အထက် အဘိုး၊ အဘွားများနှင့် အငြိမ်းစားဝန်ထမ်းများအား ဆီးချို၊ သွေးချို၊ သွေးတိုးနှင့် နှလုံးရောဂါ၊ အမြင်အာရုံများ စစ်ဆေးပေးခြင်းကို မေ ၇ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြည်သူ့ဆေးရုံတွင် အခမဲ့ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ စစ်ဆေးကုသရာတွင် ကိုယ်အလေးချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ ဆီးချို၊ သွေးချိုစစ်ဆေးပေးခြင်း၊ ECG စစ်ဆေးခြင်း၊ အမြင်အာရုံများ စစ်ဆေးပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေး၍ လိုအပ်သည့် ကုသမှုများအား မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဝေလင်းဗိုလ်နှင့် ကျန်းမာရေးဆရာမများက အခမဲ့ စစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း စမ်းသပ်စစ်ဆေးကုသပေးလျက်ရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

(အပေါ်ပုံ)

**ဇော်ထက်(သရက်)**

# သက်မွေးပညာသင်တန်းကျောင်းများ တက်ရောက်နိုင်ရေး ဆွေးနွေးဟောပြော

**ချောက် မေ ၁၂**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့၌ ဇွန်လတွင် ဖွင့်လှစ်မည့် သက်မွေးပညာရပ်နှင့်အတူ အထက်တန်းအဆင့်ပညာရေးမှသည် အဆင့်မြင့် တက္ကသိုလ်၊ ကောလိပ်ပညာရေး အထိ တက်လှမ်းနိုင်မည့် သမဝါယမစာရင်းရေး၊ စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းများ တက်ရောက်နိုင်ရေး ဆွေးနွေးဟောပြောခြင်းကို မေ ၆ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သမဝါယမစာရင်းရေး၊ စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း(မကွေး)ကျောင်းအုပ်ဆရာမကြီးဒေါ်စန္ဒာထွန်းက သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာနအနေဖြင့် အထက်တန်းပညာပြီးဆုံးအောင် သင်ယူရန် အခက်အခဲရှိသည့် လူငယ်၊ လူရွယ်များအား နေရေး၊ စားရေး၊ ပညာသင်ကြားရေး အားလုံး အခမဲ့စနစ်ဖြင့် စာရင်းရေး၊ စာရင်းကိုင်နှင့် ကွန်ပျူတာပညာရပ်များကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်ပြီး အတန်းကျောင်းပညာရေးကိုပါ တစ်ပါတည်း အခမဲ့ သင်ယူခွင့်ရမည့် သမဝါယမ စာရင်းရေး၊ စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းများကို ဇွန်လတွင် ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း၊ သင်တန်း၏ရည်ရွယ်ချက်၊ သင်တန်းဝင်ခွင့်အရည်အချင်း၊ သင်တန်းကာလနှင့် လက်ခံသွားမည့် သင်တန်းသားဦးရေ၊ ပညာဆက်လက်သင်ယူနိုင်မည့် အခွင့်အလမ်းများ၊ သင်တန်းမှရရှိမည့် အကျိုးကျေးဇူးနှင့်သင်ကြားမည့် အစီအစဉ်များအား ရှင်းလင်းပြောကြားသည်။



အဆိုပါ သမဝါယမစာရင်းရေး၊ စာရင်းကိုင်သက်မွေးပညာသင်တန်းတက်ရောက်နိုင်ရေး ဟောပြောပွဲသို့ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ (ဝဲပုံ)

**ကျော်မိုး(ပြန်/ဆက်)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနမှ ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းသုံးတံမြက်စည်းကြမ်းနှင့် ထန်းခေါက်တောင်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ သို့ဖြစ်ပါ၍ လုပ်ငန်းသုံးတံမြက်စည်းကြမ်းနှင့် ထန်းခေါက်တောင်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူများမှ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်-

(က) အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - (၁၄-၅-၂၀၂၅)(အင်္ဂါနေ့)

(ခ) အိတ်ဖွင့်တင်ဒါတင်သွင်းရန် စာရင်းပေးသွင်းရမည့်နေ့/အချိန် - (၂၇-၅-၂၀၂၅)(အင်္ဂါနေ့) (၀၉း၃၀)မှ (၁၃း၃၀)နာရီထိ

(ဂ) အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်နေ့ - (၂၈-၅-၂၀၂၅)(ဗုဒ္ဓဟူးနေ့)

(ဃ) အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ - မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာန

၃။ အထက်ပါတင်ဒါပုံစံများကို တစ်စုံလျှင် ကျပ် ၁၀၀၀၀/-နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**သန့်ရှင်းရေးဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနမှ ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာရေးနှစ်အတွက် အမှိုက်သိမ်းဆည်းခြင်းဆောင်ရွက်ရာတွင် အသုံးပြုသော အမှိုက်သိမ်း(TC)သံကန် (အကြီး၊အသေး)များ ပြင်ဆင်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ သို့ဖြစ်ပါ၍ အမှိုက်သိမ်း(TC)သံကန် (အကြီး၊ အသေး)များပြင်ဆင်ရန် အိတ်ဖွင့်တင်ဒါ တင်သွင်းလိုသူများမှ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - (၁၄-၅-၂၀၂၅)(အင်္ဂါနေ့)

(ခ) အိတ်ဖွင့်တင်ဒါတင်သွင်းရန် စာရင်းပေးသွင်းရမည့်နေ့/အချိန် - (၂၉-၅-၂၀၂၅)(ကြာသပတေးနေ့) (၀၉ း ၃၀)မှ (၁၃ း ၃၀)နာရီထိ

(ဂ) အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်နေ့ - (၃၀-၅-၂၀၂၅)(သောကြာနေ့)

(ဃ) အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ - မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာန

၃။ အထက်ပါတင်ဒါပုံစံများကို တစ်စုံလျှင် ကျပ် ၁၀၀၀၀/-နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**သန့်ရှင်းရေးဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနမှ ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာရေးနှစ်အတွက် မီးသဂြိုဟ်စက်များပြင်ဆင်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ သို့ဖြစ်ပါ၍ မီးသဂြိုဟ်စက်များပြင်ဆင်ရန် အိတ်ဖွင့်တင်ဒါ တင်သွင်းလိုသူများမှ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - (၁၄-၅-၂၀၂၅)(အင်္ဂါနေ့)

(ခ) အိတ်ဖွင့်တင်ဒါတင်သွင်းရန် စာရင်းပေးသွင်းရမည့်နေ့/အချိန် - (၂၃-၅-၂၀၂၅)(သောကြာနေ့) (၀၉ း ၃၀)မှ (၁၃ း ၃၀)နာရီထိ

(ဂ) အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်နေ့ - (၂၆-၅-၂၀၂၅)(တနင်္လာနေ့)

(ဃ) အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ - မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာန

၃။ အထက်ပါတင်ဒါပုံစံများကို တစ်စုံလျှင် ကျပ် ၅၀၀၀/-နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**သန့်ရှင်းရေးဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အသိပေးကြေညာခြင်း

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း ကျရောက်သော မြို့နယ် (၆)မြို့နယ်အတွင်းရှိ လိမ္မော်ရောင်အဆင့်၊ အနီရောင်အဆင့် သတ်မှတ်ခံရသော အဆောက်အအုံ ပိုင်ရှင်များအနေဖြင့် မိမိတို့အဆောက်အအုံအား ပြန်လည်ပြင်ဆင်လိုသည်များနှင့် ပတ်သက်၍ PE ၊ RSE လိုင်စင်ရ အင်/ယာများ၏ ထောက်ခံချက်ပါသော ပြင်ဆင်ရမည့် Method Statement နှင့်အတူ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ ပြန်လည်လျှောက်ထားရမည်ဖြစ်ပါသည်။ လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေ၊ နည်းဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အသိပေးကြေညာခြင်း

၂၈-၃-၂၀၂၅ ရက်တွင် အင်အားပြင်းငလျင်လှုပ်ခတ်ခဲ့ခြင်းကြောင့် မန္တလေး (၆)မြို့နယ်အတွင်း ဆောက်လုပ်ဆဲ အဆောက်အအုံများ၏ ပင်မတိုင်များ ပျက်စီးမှု ရှိ/မရှိ ပြန်လည်စစ်ဆေးရန် လိုအပ်ပါ၍ ခေတ္တရပ်နားထားကြပါရန်နှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တရားဝင်ဖွဲ့စည်းထားသော စစ်ဆေးရေးအဖွဲ့များဖြင့်စစ်ဆေး၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ ပျက်စီးမှုရှိ/မရှိ စိစစ်ပြီး တင်ပြချက်အပေါ် အဆောက်အအုံ ဆောက်လုပ်ခြင်းအား ဆက်လက်ဆောင်ရွက်ရန်ဖြစ်ပါသည်။ ပင်မတိုင်များ ပျက်စီးမှုရှိပါက ဆက်လက်တည်ဆောက်ခွင့်မပြုဘဲ ပြန်လည်တည်ဆောက်ရမည်ဖြစ်ပါသည်။ အဆိုပါအချက်များအား လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေ၊ နည်းဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သံဃာတော် (၁၀၈)ပါးအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ညောင်ရေသွန်းလောင်းပွဲကျင်းပ

**မိတ္ထီလာ မေ ၁၂**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီမံလမ်းညွှန်မှုဖြင့် ကဆုန်လပြည့်တွင် မိတ္ထီလာခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသော မြို့နယ်အတွင်းရှိ သံဃာတော်(၁၀၈)ပါးအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ညောင်ရေသွန်းလောင်းပွဲကို မေ ၁၁ ရက် နံနက် ၆ နာရီက မဟာဓမ္မရာဇိက ရွှေမြင်တင် စေတီတော်ရင်ပြင်ပေါ်တွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံလမ်းညွှန်မှုဖြင့် ကဆုန်လပြည့် (ဗုဒ္ဓနေ့)တွင် မိတ္ထီလာခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသော မြို့နယ်အတွင်းရှိ သံဃာတော်(၁၀၈)ပါးအား ဆွမ်း၊ ဆွမ်းဟင်းတို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ၎င်းနောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ကျင်းပရာ မိတ္ထီလာမြို့ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်၊ ပါဠိတက္ကသိုလ် ဥယျာဉ်ပရိယတ္တိ ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တသူရိယ ထံမှ ငါးပါးသီလ ခံယူဆောက်တည်ခဲ့ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွား သရဇ္ဈာယ်တော်မူအပ်သော ပရိတ်တရားတော်များကို နာယူကြည်ညို ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး မိတ္ထီလာမြို့ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်၊ ပါဠိတက္ကသိုလ် ဥယျာဉ်ပရိယတ္တိ ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သူရိယ ထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချ အနုမောဒနာ တရားနာယူကြည်ညိုခဲ့ကြသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီမံလမ်းညွှန်မှုဖြင့် ကဆုန်လပြည့် (ဗုဒ္ဓနေ့)တွင် မိတ္ထီလာခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသော မြို့နယ်အတွင်းရှိ သံဃာတော်(၁၀၈)ပါးအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဆက်လက်ကျင်းပရာ မိတ္ထီလာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက ဆရာတော်၊ သံဃာတော် ၁၀၈ ပါးအား ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြပြီး ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းခဲ့ကြောင်း သိရသည်။ (၄၆၉)

## သရက်မြို့ ပြည်သူ့ဆေးရုံတွင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစစ်ဆေးပေးပြီး ဆေးကုသမှုများ ဆောင်ရွက်ပေး

**သရက် မေ ၁၂**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်အတွင်းရှိ ခရိုင်ကုသရေးဦးစီးဌာနမှ ကြီးမှူး၍ မြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအား သွေးတိုးရောဂါ၊ သွေးချို၊ ဆီးချိုရောဂါ၊ နှလုံးရောဂါများအား အခမဲ့ စစ်ဆေးပေးခြင်း၊ ဆေးကုသပေးခြင်းကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း အခမဲ့ စစ်ဆေးပေးလျက်ရှိပြီး ယမန်နေ့ နံနက် ၉ နာရီက ခရိုင်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျန်းမာရေးစစ်ဆေးရန် လာရောက်သည့် ဝန်ထမ်းအငြိမ်းစားများအား ခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး၏ ကြီးကြပ်မှုဖြင့် လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမများက သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးချို၊ ဆီးချိုရောဂါ စစ်ဆေးပေးခြင်း၊ ECG စစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး လိုအပ်သည့်ဆေးဝါးများကို အခမဲ့ စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**



## ငလျင်ဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

**မန္တလေး မေ ၁၂**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၌ မန္တလေးမြေငလျင်ကြီးလှုပ်ခတ်မှုကြောင့် ငလျင်ဘေးသင့်ပြည်သူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ယမန်နေ့ နံနက်ပိုင်းက ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ပေးအပ်မှုကို မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်အတွင်းရှိ အိမ်ထောင်စု ၅၂ စုအား အိမ်ထောင်စုတစ်စုလျှင် ဓာတ်ဆားရည်တစ်ဘူး၊ ခေါက်ဆွဲခြောက်တစ်ထုပ်၊ နို့ဆီနှစ်ဘူး၊ ငါးသေတ္တာတစ်ဘူး၊ အကျီတစ်ထည်အား ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကြီးကြပ်၍ ဆက်လက်ပေးအပ်ထောက်ပံ့လှူဒါန်းလျက်ရှိကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)** (၀၅၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံးအသိပညာ၊အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ လူငယ်များအနေဖြင့် ဘဝတွင် အောင်မြင်တိုးတက်ရန်အတွက် စည်းကမ်းရှိရန်၊ ဥပဒေများကို လေးစားလိုက်နာတတ်ရန်လည်းလို...

❖ နိုင်ငံတော်ကချမှတ်ထားသည့် စည်းကမ်းများ၊ ဥပဒေများကို လေးစားလိုက်နာမှသာ အပြစ်အနာအဆာကင်းပြီး တန်ဖိုးရှိသည့် နိုင်ငံသားကောင်းများအဖြစ် နိုင်ငံကို အကျိုးပြုနိုင်မည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင်ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄/၂၀၂၅) ကျင်းပ



**နေပြည်တော် မေ ၁၂**

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Center-DMC)၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၄/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌများ ဦးဆောင်၍သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ အမျိုးသား သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်နှင့် ဦးစိုးကြည်၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကော်မတီဒုတိယဥက္ကဋ္ဌ (၁) ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ငလျင်ဒဏ်သင့် ဒေသများတွင် ပြန်လည် နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောလျင်စွာဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဝန်ကြီးဌာနများအလိုက် Container Office နှင့် House များ တောင်းခံထားသည်များကိုလည်း အချိန်မီစိစစ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဝန်ထမ်းများအတွက် ယာယီတည်းခိုရေး စခန်းများ တည်ဆောက်ပေးခဲ့ပြီး လက်ရှိအချိန်တွင် အဆင်ပြေစွာ နေထိုင်လျက်ရှိကြောင်း၊ ယာယီဘာရာများကို ဝန်ကြီးဌာနအလိုက် သေချာစွာစိစစ်၍ လိုအပ်သည့်အရေအတွက်ကိုသာ ဆောက်လုပ်ကြစေလိုကြောင်း၊ မြေနေရာရွေးချယ်မှုနှင့် ရေ၊ မီး၊ မိလ္လာကိစ္စများကို ကောင်းမွန်အဆင်ပြေအောင် စီစဉ်ပေးကြရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီများအလိုက် လက်ရှိဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားရမည့် အခြေအနေများကို ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ(၂) ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ဝန်ကြီးဌာနများသို့ Container Office များ ဦးစားပေး အစီအစဉ်အလိုက် ချထား ဆောင်ရွက်ပေးနေမှု၊ Container House များ ရောက်ရှိဖြန့်ခွဲ ဆောင်ရွက်ပေးနေမှု၊ ငလျင်ဒဏ်သင့် ပြည်သူများနှင့် ဝန်ထမ်းများအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆက်လက် ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက် လာကြသူများက ဝန်ကြီးဌာနအလိုက် ဝန်ထမ်းများ နေထိုင်နိုင်ရန် ယာယီဘာရာ အဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှုအခြေအနေနှင့် ထပ်မံလိုအပ်မှုအခြေအနေများ၊ ယာယီနေထိုင်နိုင်မည့် Container House နှင့် ယာယီရုံးခန်းများအဖြစ် အသုံးပြုမည့် Container Office များရရှိ၍ ဝန်ကြီးဌာနပိုင် မြေနေရာများ၌ နေရာချထားဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ဒုတိယဥက္ကဋ္ဌများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




## MFF နွေရာသီ အခြေခံဘောလုံးနှင့် ဖူဆယ် အခမဲ့ သင်တန်းများ ပထမအသုတ် သင်တန်းဆင်းပွဲနှင့် ဒုတိယအသုတ် သင်တန်းဖွင့်ပွဲကျင်းပ

**ရန်ကုန် မေ ၁၂**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ စီစဉ်သည့် MFF Summer Football Skills Course 2025 (AYA Pay | M21) နွေရာသီအခြေခံဘောလုံးနှင့် ဖူဆယ်အခမဲ့သင်တန်းများ ပထမအသုတ် သင်တန်းဆင်းပွဲနှင့် ဒုတိယအသုတ် သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အမျိုးသားဘောလုံးအကယ်ဒမီ(ရန်ကုန်)၊ မြက်ခင်းတုကွင်း၊ MFF Futsal Stadium တို့တွင် ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ စပွန်ဆာရှင်များ၊ MFF တာဝန်ရှိသူများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

ယခုနှစ် နွေရာသီသင်တန်း MFF Summer Football Skills Course 2025 အခမဲ့ သင်တန်းများကို ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ ပုသိမ်မြို့များတွင် ဖွင့်လှစ်နေပြီး သင်တန်းသား ၁၄၀၀ ကျော်တက်ရောက် လျက်ရှိကြောင်း သိရသည်။ **(NGB)**